မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၆)၊ အမှတ် (၁၁၇)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မန္တလေးမြို့နှင့် ရန်ကုန်မြို့များ၌ ချစ်ကြည်ရေးခရီးလှည့်လည်

ကြိုဆိုနှုတ်ဆက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်းအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၄

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်း ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် သံရုံးမှ တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းတွင် အထူးလေယာဉ်ဖြင့် မန္တလေးမြို့သို့ ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ လီထယ်ရင်း ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ မန္တလေးမြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ် Mr. Duan Zhi Quan နှင့် ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၄ ✱

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန်အတွက် အမေရိကန်နှင့် ဗြိတိန်တို့ ပူးပေါင်းပြီး လုံခြုံရေးကောင်စီ၌ ဆုံးဖြတ်ချက်မူကြမ်းတင်သွင်းခြင်းအပေါ် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးက ဆန့်ကျင်ကန့်ကွက် မြန်မာနိုင်ငံအပေါ် အမေရိကန်အစိုးရ၏ မှုမမှန်သောလုပ်ရပ်ကို နိုင်ငံတကာက လက်မခံ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေခြင်းမရှိသော အဖွဲ့ဝင်နိုင်ငံတစ်ခု၏အရေးကို လုံခြုံရေးကောင်စီတွင် ထည့်သွင်းဆွေးနွေးရန် ကြိုးပမ်းခြင်းသည် ကုလပဋိညာဉ်အပိုဒ်(၂၄)နှင့် ဆန့်ကျင်နေ

လက်ရှိအစိုးရကို ပြုတ်ကျစေပြီး အစိုးရသစ်တင်ရန် ကြိုးပမ်းမှုဟုသမျှ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က ပယ်ချ

နေပြည်တော် ဇန်နဝါရီ ၂၄

အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့ပူးပေါင်းပြီး ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်(Resolution)မူကြမ်းတင်သွင်း၍ မဲခွဲဆုံးဖြတ်ရန် တောင်းဆိုလုပ်ဆောင်ခဲ့ခြင်းအပေါ် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က လုံခြုံရေးကောင်စီသို့ စာရေးသားပေးပို့ ကန့်ကွက်လိုက်သည်။

အမေရိကန်အစိုးရသည် ၁၉၈၈ ခုနှစ်မှစ၍ မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် တစ်ဖက်သတ်ဖိအားပေးမှုများ လုပ်ဆောင်လာခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် မြန်မာနိုင်ငံ၏ အရေးကိစ္စသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်သည်ဟူသော အကြောင်းပြစွပ်စွဲမှုများ လုပ်ကြံဖန်တီးပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစီအစဉ်(Agenda)တွင် ထည့်သွင်းဆွေးနွေးခွင့်ရရန် ဆက်လက်ကြိုးပမ်းအားထုတ်ခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းလာစေရေး အမျိုးသမီးများကို စည်းရုံး ပညာပေး

နိုင်ငံတော်အစိုးရသည် မြန်မာအမျိုးသမီးများအား တိုးတက်ပြောင်းလဲလာသော ခေတ်နှင့်အညီ အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရေး၊ အခွင့်အလမ်းကောင်းများ တိုးပွားဖြစ်ထွန်းရေးတို့အပြင် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးကို စုစည်းခိုင်မာသည့် တိုင်းကျိုးပြည်ဆောင် အင်အားစုအဖြစ် ပေါ်ထွန်းလာစေရန် ဦးတည်ပျိုးထောင်ပေးလျက် ရှိသည်။

ထို့ကြောင့်ပင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ၊ သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာကဏ္ဍများ၌ အမျိုးသမီးများပါဝင်ပြီး ဦးဆောင်ဦးရွက် ပြုနေကြပြီဖြစ်သည်။ ထို့အပြင် အားကစား၊ ယဉ်ကျေးမှုနှင့် လူမှုရေးစသည့်ကဏ္ဍများစွာ တို့၌လည်း ထွန်းပေါက်အောင်မြင်နေသည့် အမျိုးသမီးစွမ်းဆောင်ရှင်များ ပေါ်ထွက် လျက်ရှိသည်ကို တွေ့မြင်နေရပြီ ဖြစ်ပေသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် တစ်နိုင်ငံလုံး ဖြန့်ကြက်လွှမ်းခြုံ ဖွဲ့စည်း ထားသော အဖွဲ့အစည်းဖြစ်ရာ အဖွဲ့ဝင်ဦးရေကန့်သတ်ချက်မရှိ မိမိစိတ်ဆန္ဒအလျောက် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နိုင်သည့် လူမှုရေးအဖွဲ့အစည်းကြီးပင် ဖြစ်သည်။ ထိုအဖွဲ့အစည်းတွင် အမျိုးသမီးရေးရာ ကိစ္စရပ်များသာမက အမျိုးသားရေး၊ လူမှုရေးလုပ်ငန်း များတွင်ပါ အမျိုးသမီးတိုင်း ပါဝင်လှုပ်ရှား ဆောင်ရွက်နိုင်သော အခွင့်အလမ်းများ ရရှိနေပြီ ဖြစ်သည်။

ထောင်စုနှစ် ဖွံ့ဖြိုးမှုရည်မှန်းချက်များ ပြည့်မီကျော်လွန်အောင် နိုင်ငံတော်က ကိုယ့်ခွန် ကိုယ့်အားဖြင့် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကလည်း တထောင့်တစ်နေရာမှ တစ်တပ်တစ်အား တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသားအကျိုးစီးပွားကို ဆောင်ရွက် ရန် ရည်ရွယ်၍ ဖွဲ့စည်းထားသည်နှင့်အညီ ဖွဲ့စည်းမှုအဆင့်ဆင့်တွင် တာဝန်ယူ ဦးဆောင်ကြသည့် အမျိုးသမီးခေါင်းဆောင်များအနေဖြင့် စိတ်ဓာတ်ရေးရာ၊ ကိုယ်ကျင့် သိက္ခာ၊ စွမ်းဆောင်မှု အရည်အသွေးတို့တွင် အဘက်ဘက်က စံနမူနာပြဖြစ်အောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် နိုင်ငံနှင့်လူမျိုး အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်ရင်း မြန်မာအမျိုးသမီး ငယ်ရွယ်သူများကို တိုင်းချစ်၊ ပြည်ချစ်စိတ်ဓာတ်နှင့် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက် အစဉ် အလာများ မြတ်နိုးလေးစား ထိန်းသိမ်းတတ်စေရန် စည်းရုံးပညာပေးသွားကြရမည် ဖြစ်ပေသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၅-၁-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပာန်ဂီတသံ
- ၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြိုး
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၃၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၅:၃၅ ၉။ ဟာဒယရွှင်လန်းအငြိမ့်ခန်း
- ၅:၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၃၀ ၁၄။ လျှပ်တစ်ပြက်
- ၆:၃၅ ၁၅။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြစ်တစ်စင်းရဲ့သံစဉ်"** (အပိုင်း-၁၃)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ကုန်သွယ်သုတ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးနဂါးသိုင်းရှစ်ကွက်"** (အပိုင်း-၂)

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကကြီးမှူး၍ ဇန်နဝါရီ ၁၉ ရက်က အမက(၁၂) ဗဟန်းတွင် နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဆင့်နှင့် ကျောင်းအုပ်ဆရာကြီး ဦးသန်းဝင်း တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြို့ပြနှင့်ကျေးလက် လမ်းတံတားများ ပိုမိုတည်ဆောက် စက်ရေတွင်းများ ရေရှည်အသုံးပြုနိုင်အောင် ထိန်းသိမ်း

နေပြည်တော် ဇန်နဝါရီ ၂၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီး သိန်းညွန့်သည် ဇန်နဝါရီ ၂၂ ရက် နံနက် ၈ နာရီက နေပြည်တော် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ၂၀၀၆ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ပုံ)

ရှေးဦးစွာ ဝန်ကြီးက စည်ပင်သာယာရေးအဖွဲ့ မြို့ပြနှင့် ကျေးလက်လမ်း တံတားများတည်ဆောက်ရာတွင် ပြီးခဲ့သော နှစ်ကထက် အရေအတွက် ပိုမိုတည်ဆောက်ရမည်ဖြစ်ပြီး တည်ဆောက်ပြီး လမ်းတံတားများကို အမြဲတမ်းစစ်ဆေးပြီး အမြဲတမ်းအသုံးပြုနိုင်အောင် ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ခရိုင်ချင်းဆက်လမ်းများကို သတ်မှတ်ထားသည့် ကာလ အတွင်း အရည်အသွေးပြည့်မီစွာ ပြီးစီးအောင် ဆောင်ရွက်ပြီး လမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့များကို နွေ၊ မိုး၊ ဆောင်း မခွဲခြားဘဲ လမ်းပေါ်ထားရှိပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တည်ဆောက်ရေးအပိုင်း၌ အရှိန်အဟုန်ရနေပြီးဖြစ်သော်လည်း ထိန်းသိမ်းမှုအပိုင်းတွင် အားနည်းနေသည်ကိုတွေ့ရှိရကြောင်း၊ ကုန်ကျစရိတ်နည်းနည်းဖြင့် ပြည်သူများရေရရှိအောင် ဆောင် ရွက်ပေးရမည်ဖြစ်ကြောင်း၊ တူးဖော်ပြီးသော စက်ရေတွင်းများ ရေရှည်အသုံးပြုနိုင်ရန်အတွက် ထိန်းသိမ်းသွားရန်လိုကြောင်း၊ ထို့ပြင် ကျေးလက်ဒေသနေ ပြည်သူများ လူနေမှုဘဝမြင့်မား ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသော ကျေးလက်အိမ်ရာ များ တည်ဆောက်မှုအရှိန်အဟုန် လျော့နည်းမသွားစေရန် တာဝန်ရှိသူများက ထိရောက်စွာ ကြီးကြပ်သွားရန်လိုကြောင်း၊ စည်ပင်သာယာရေး ဝန်ထမ်းများအနေဖြင့် ပေးအပ်သော တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အားနည်းချက်များကို ပြုပြင်ပြီး ရည်မှန်းချက်အောင်မြင်ရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်နယ်၊တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးများက ပြည်နယ်၊တိုင်းအတွင်း စည်ပင်သာ ယာရေးလုပ်ငန်းများ ဆောင်ရွက်မှုကို တင်ပြကြသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အင်ဂျင်နီယာချုပ်များက အင်ဂျင်နီယာလုပ်ငန်းနှင့် ပတ်သက် ၍ စစ်ဆေးတွေ့ရှိချက်များ၊ အားသာချက်၊ အားနည်းချက်များ ကို ဆွေးနွေးကြသည်။

တင်ပြ

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းနှင့် စည်ပင်သာယာရေးဘဏ်လီမိတက် ဦးဆောင် ညွှန်ကြားရေးမှူး ဦးမျိုးဝင်းတို့က ဌာနအလိုက် ဆောင်ရွက် ချက်များကို တင်ပြကြသည်။

ထို့နောက် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးမျိုးမြင့်က ၂၀၀၆ ခုနှစ် တတိယလေးလပတ် အတွင်း ဆောင်ရွက်ခဲ့သော စည်ပင်သာယာရေး လုပ်ငန်းများ အပေါ် အားနည်းချက်၊ အားသာချက်များ ဖော်ထုတ်သုံးသပ် ၍ ဆက်လက်ဆောင်ရွက်သည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက စည်ပင်သာယာရေး လုပ်ငန်းဆိုင်ရာများမှ အင်ဂျင်နီယာ လုပ်ငန်းများကို မှာကြားသည်။

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ဆောင်ရွက်ပေးနိုင်

စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့် ၂၀၀၆ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလကုန်အထိ မြို့ပြလမ်း မိုင် ၁၇၀ ကို ကတ္တရာလမ်းနှင့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့် တင်ပေးခဲ့သည်။ ကျေးလက်လမ်း ၂၇၅ မိုင်ကို ကျောက်လမ်း အဆင့်မြှင့်တင်ပေးခဲ့ပြီး မြေသားလမ်းမိုင် ၂၈၀ကို ဖောက်လုပ် ပေးနိုင်ခဲ့သဖြင့် အဆိုပါကာလအတွင်း ၇၁၅ မိုင် ဖောက်လုပ် ပေးခဲ့သည်။ ထို့ပြင် ကျေးလက်ရေရရှိရေးအနေဖြင့် စီမံကိန်း စတင်ခဲ့သည့် ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှစတင်၍ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလကုန်အထိ ကျေးရွာပေါင်း ၁၆၉၅၆ ရွာ တွင် ရေရရှိရေးလုပ်ငန်းပေါင်း ၂၄၈၂၂ကို ဆောင်ရွက်ပေးနိုင် ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း သီရိလင်္ကာနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

နေပြည်တော် ဇန်နဝါရီ ၂၄

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာမန်ဂလာဆာမာရာဝီးရာ၏ဖိတ်ကြားချက်အရ သီရိလင်္ကာနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်လေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ဝဲပုံ)**

လိုက်ပါသွား

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်း၊ ညွှန်ကြားရေးမှူးဦးကျော်တင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇေယျာထွန်းနှင့် ဌာနစုမှူး-၁ ဒေါ်ချိုချိုစိုးတို့လည်း အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၄

ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးလှမြင့်ဦး၊ ဦးဝင်းအောင်၊ ဦးစိုးဦး၊ ဦးညီထွန်းနှင့် ဦးကျော်အောင်တို့က အမှာစကား ပြောကြားကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အဖွဲ့အောက်ရှိ ဦးစီးဌာနနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များက ၂၀၀၆ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်မှာကြား

ထို့နောက် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ် အမှာစကား ပြောကြားသည်။

(သတင်းစဉ်)

တိပိဋကဓရ အထူးတရားပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

ပဲခူးတိုင်း ပဲနွယ်ကုန်းမြို့ ဓမ္မအကြည်တော်အဖွဲ့ကကြီးမှူးကျင်းပသော တိပိဋကဓရ အထူးတရားပွဲကို တပို့တွဲလဆန်း၁၄ရက် (ဇန်နဝါရီ ၃၁ ရက်) ဗုဒ္ဓဟူးနေ့ ညနေ ၆ နာရီတွင် ရွှေရတုတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝံသပါရလင်္ကာရ(မြင်းမူဆရာတော်) အရှင်သူမြတ်က ပဲနွယ်ကုန်းမြို့မ သာသနာ့ဗိမာန်တော်ကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သာယာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

အမေရိကန်နှင့်ဗြိတိန်တို့၏မမှန်ကန်သောမသမာသည့်လုပ်ရပ်အရေးနိမ့်သွားခြင်းသည် မြန်မာနိုင်ငံပြည်သူများနှင့်တကွ ကမ္ဘာ့ပြည်သူတို့၏ ငြိမ်းချမ်းရေးအောင်ပွဲဖြစ်

❒ ရှေ့ဖုံးမှ

ယင်းသို့ မြန်မာနိုင်ငံအပေါ် အကြောင်းပြစွပ်စွဲမှုအမျိုးမျိုးပြုလုပ်ပြီး လုံခြုံရေးကောင်စီသို့ တင်သွင်းရန် အားထုတ်ကြိုးပမ်းနေသော အမေရိကန်အစိုးရ၏ မူမမှန်သောလုပ်ရပ်ကို နိုင်ငံတကာက လက်မခံဘဲဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။

ထို့အတူ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးကလည်း နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေခြင်းမရှိသော အဖွဲ့ဝင်နိုင်ငံတစ်ခု၏ အရေးကိစ္စကို လုံခြုံရေးကောင်စီတွင် တရားဝင်သော်လည်းကောင်း၊ အလွတ်သဘောသော်လည်းကောင်း ထည့်သွင်းဆွေးနွေးရန် ကြိုးပမ်းလုပ်ဆောင်ခြင်းသည် ကုလသမဂ္ဂပဋိညာဉ် စာတမ်းအပိုဒ်(၂၄)နှင့် ဆန့်ကျင်နေကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအရေးကိစ္စကို လုံခြုံရေးကောင်စီ ဆွေးနွေးမည့်အစီအစဉ် (Agenda)သို့ ရောက်ရှိအောင် လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံကြီးတစ်နိုင်ငံက နည်းမျိုးစုံဖြင့် ဖိအားပေးလုပ်ဆောင်နေခြင်းကို ဆန့်ကျင်ကန့်ကွက်ကြောင်း ၂၀၀၆ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့ ရက်စွဲဖြင့် လုံခြုံရေးကောင်စီဥက္ကဋ္ဌထံသို့ စာရေးသားပေးပို့ အကြောင်းကြားခဲ့ပြီးဖြစ်သည်။

ယင်းသို့ နိုင်ငံတကာက လက်မခံဘဲ ဆန့်ကျင်ကန့်ကွက်နေသည့်ကြားမှ ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁၅ ရက်၌မြန်မာနိုင်ငံအခြေအနေ (Situation in Myanmar)ခေါင်းစဉ်ဖြင့် လုံခြုံရေးကောင်စီအစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် မဲခွဲဆုံးဖြတ်ခဲ့ခြင်းအပေါ် စက်တင်ဘာလ၁၇ရက်တွင် ကျူးဘားနိုင်ငံ၌ကျင်းပသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ထိပ်သီးညီလာခံက **“မြန်မာနိုင်ငံအရေးကိစ္စအား လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းခြင်းသည် လုံခြုံရေးကောင်စီ၏ လုပ်ပိုင်ခွင့်ဘောင်ကို ကျော်လွန်လုပ်ဆောင်ခြင်းဖြစ်၍ စိုးရိမ်မကင်းဖြစ်ကြောင်း၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို လေးစားလိုက်နာရန် လုံခြုံရေးကောင်စီအား တောင်းဆိုကြောင်း၊ လက်ရှိအစိုးရကိုပြုတ်ကျစေပြီး အစိုးရသစ်တင်ရန် (Regime Change)ကြိုးပမ်းမှုဟူသမျှကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က ပယ်ချကြောင်း”** ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းသို့ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးနှင့် အခြားနိုင်ငံများက ဆန့်ကျင်ကန့်ကွက်နေသည့်ကြားမှ အမေရိကန်နှင့်ဗြိတိန်တို့ပူးပေါင်းပြီး ၂၀၀၇ခုနှစ် ဇန်နဝါရီလ၁၂ရက်တွင် လုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်နိုင်ရေးအတွက် အဆိုပြုချက်မူကြမ်းတင်သွင်းခဲ့သဖြင့် ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ကြီးက ၎င်းလုပ်ရပ်အပေါ် ထပ်မံဆန့်ကျင်ကန့်ကွက်လိုက်ကြောင်း သိရသည်။

ဇန်နဝါရီ၁၆ရက်တွင်ကျင်းပသည့် ဘက်မလိုက်လှုပ်ရှားမှုညှိနှိုင်းရေး ဗျူရိုအစည်းအဝေးက အဖွဲ့ဝင်နိုင်ငံများ၏သဘောထားအသီးသီးကိုရယူပြီး ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဥက္ကဋ္ဌထံ စာတစ်စောင် ထပ်မံရေးသားပေးပို့ ကန့်ကွက်ခဲ့သည်။

အဆိုပါစာတွင်-

- ကုလသမဂ္ဂအထွေထွေညီလာခံ၊ စီးပွားရေးနှင့်လူမှုရေးကောင်စီနှင့် အခြားကုလသမဂ္ဂအဖွဲ့အစည်းများမှ ဆောင်ရွက်ရမည့်ကိစ္စများတွင် လုံခြုံရေးကောင်စီမှ ဝင်ရောက်စွက်ဖက် ဆောင်ရွက်နေမှုများအပေါ် ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့က စိုးရိမ်လျက်ရှိသည်ကို အသိပေးလိုကြောင်း၊
- ယင်းသို့ လုံခြုံရေးကောင်စီမှ ဝင်ရောက်စွက်ဖက်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ မှန်ကန်သော“မူ”များကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဥက္ကဋ္ဌထံမှ လုံခြုံရေးကောင်စီဥက္ကဋ္ဌထံသို့ အချိန်နှင့်တစ်ပြေးညီ အသိပေး အကြောင်းကြားနေသော်ငြားလည်း လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နှစ်နိုင်ငံက မြန်မာနိုင်ငံဆိုင်ရာဆုံးဖြတ်ချက် မူကြမ်းကိုမဲခွဲရန် ၁၂-၁-၂၀၀၇ရက်နေ့တွင် တင်သွင်းတောင်းဆိုခဲ့ကြောင်း၊ သို့ရာတွင် ၎င်းတို့တင်သွင်းသောအဆိုမူကြမ်းမှာ လုံခြုံရေးကောင်စီတွင် အတည်မပြုနိုင်ခဲ့ကြောင်း၊
- ကုလသမဂ္ဂပဋိညာဉ်စာတမ်း အပိုဒ်(၂၄) (၁)အရ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိန်းသိမ်းရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက လုံခြုံရေးကောင်စီအား အပ်နှင်းထားပြီး လုံခြုံရေးကောင်စီအနေဖြင့် အဖွဲ့ဝင်နိုင်ငံများကိုယ်စား ဆောင်ရွက်ရမည်ဆိုသည့်အချက်ကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကအလေးဂရုပြုထားကြောင်း၊ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကုလသမဂ္ဂပင်မအဖွဲ့အစည်းများ၏ ဆောင်ရွက်ရမည့်လုပ်ပိုင်ခွင့်အာဏာကိုအပြည့်အဝလေးစားလိုက်နာပြီး ယင်းအဖွဲ့အစည်းများတစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား လုပ်ငန်းဆောင်ရွက်ရာတွင် ဟန်ချက်ညီနေစေရေး ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်သည်ဆိုသည်ကို အလေးအနက် အသိအမှတ်ပြုထားကြောင်း၊
- ကုလသမဂ္ဂပင်မအဖွဲ့အစည်းများနှင့် လက်အောက်ခံအဖွဲ့အစည်းများမှ ဆောင်ရွက်ရမည့်ကိစ္စများတွင် လုံခြုံရေးကောင်စီက ဝင်ရောက်စွက်ဖက်ဆောင်ရွက်နေခြင်း၏ အန္တရာယ်ရှိလာခြင်းအပေါ် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကထပ်မံ၍ စိုးရိမ်မကင်းဖြစ်ရကြောင်း၊
- နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ခြိမ်းခြောက်ထိပါးခြင်း မရှိသည့် မည်သည့်အဖွဲ့ဝင်နိုင်ငံ၊ မည်သည့်ကိစ္စရပ်မျိုး (ဥပမာ- လူ့အခွင့်အရေးကိစ္စ)ကိုမဆို လုံခြုံရေးကောင်စီက တရားဝင်သော်လည်းကောင်း၊ အလွတ်သဘောသော်လည်းကောင်း ပါဝင်ပတ်သက် ဆောင်ရွက်ခြင်းသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းအပိုဒ်(၂၄)နှင့် ဆန့်ကျင်ဖီလာဖြစ်နေသည်ဆိုသည်ကို ထပ်လောင်းဖော်ပြလိုကြောင်း၊
- သို့ဖြစ်၍ လုံခြုံရေးကောင်စီအနေဖြင့် ယင်း၏ ဆောင်ရွက်ရမည့်ကိစ္စ၊ လုပ်ပိုင်ခွင့်အာဏာတို့နှင့် စပ်လျဉ်း၍ ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို လေးစားလိုက်နာရန် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က ထပ်မံတိုက်တွန်းလိုက်ကြောင်း၊
- ယခုပေးပို့သည့်စာကို လုံခြုံရေးကောင်စီ၏တရားဝင်စာရွက်စာတမ်းအဖြစ် ဖြန့်ဝေရန် မေတ္တာရပ်ခံကြောင်း၊

ဟူ၍ဖော်ပြထားသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်၊ ဖြစ်ရပ်မှန်များနှင့် လက်တွေ့ကြိုးပမ်းစွမ်းဆောင်နေမှုများကို နားလည်သိရှိထောက်ထားစာနာပြီး အမှန်တရားနှင့် မြန်မာနိုင်ငံဘက်မှနည်းလမ်းတကျရပ်တည်ထောက်ခံလျက်ရှိသော ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီး၏ တရားမျှတသည့် လှုပ်ရှားဆောင်ရွက်မှုများကို နိုင်ငံတော်နှင့် မြန်မာပြည်သူများက အထူးကျေးဇူးတင်လျက်ရှိကြောင်းသိရသည်။

ယခုကဲ့သို့ မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီအား ခုတုံးလုပ် အသုံးချရန်ကြိုးပမ်းခဲ့သည့် အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့၏ မမှန်ကန်သော မသမာသည့်လုပ်ရပ် အောင်မြင်မှုမရဘဲ အရေးနိမ့်သွားခြင်းသည် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူတို့နှင့်တကွ ကမ္ဘာ့နိုင်ငံများနှင့် ကမ္ဘာ့ပြည်သူတို့၏ ငြိမ်းချမ်းရေးအောင်ပွဲလည်းဖြစ်သည်။

ထို့အတူ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းစောင့်ရှောက်ရန်ဟူသည့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ရည်ရွယ်ချက်များအတိုင်း လေးစားလိုက်နာ ကျင့်သုံးဆောင်ရွက်နေသူများ၏ အောင်ပွဲလည်းဖြစ်ပြီး မြန်မာနိုင်ငံအတွက်သာမက အနာဂတ်ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်ပါ ကောင်းမြတ်သော နိုင်ငံတကာ အစဉ်အလာတစ်ရပ်ကို ချမှတ်ပျိုးထောင်လိုက်ခြင်းဖြစ်ကြောင်း ပြည်သူလူထုအတွင်း သတင်းစကားများ သုံးသပ်ပြန့်ပွားလျက်ရှိသည်။ **(သတင်းစဉ်)**

အီရန် သမ္မတ မာမွတ်အာမက်ဒီနီဂျက်

အမေရိကန်၏ အရှေ့အလယ်ပိုင်း ကြီးစိုးရေးဝါဒ အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက် ရှုတ်ချ

တီဟီရန် ဇန်နဝါရီ ၂၄

အမေရိကန်၏ အရှေ့အလယ်ပိုင်းအပေါ် ဗိုလ်ကျစိုးမိုးရေး ဝါဒများသည် မှားယွင်းသော လုပ်ရပ်များသာဖြစ်ကြောင်း အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က ဇန်နဝါရီ ၂၂ရက်က ရှုတ်ချလိုက်ကြောင်း အီရန်ဒေသဆိုင်ရာ သတင်းအေဂျင်စီဖားစ်က ရေးသားဖော်ပြသည်။

သမ္မတ အာမက်ဒီနီဂျက်သည် အလည်အပတ် ရောက်ရှိနေသော ဆီးရီးယားဆက်သွယ်ရေးဝန်ကြီး အမီယာနာဆားဆလင်းနှင့် တွေ့ဆုံဆွေးနွေးစဉ် အထက်ပါအတိုင်း မှတ်ချက်ပြု ပြောကြားလိုက်ကြောင်း အီရန်သမ္မတရုံးက ကြေညာချက်တစ်စောင် ထုတ်ပြန်ထားသည်။

အီရတ်၏လက်ရှိအစိုးရသည်လည်း ချည့်နဲ့ အားနည်းနေကြောင်း၊ အမေရိကန်တို့အနေဖြင့် ဂျူးဝါဒ ထွန်းကားရေး ဖြစ်သည့် ဇီယွန်ဝါဒကို ထူထောင်နေကြောင်း၊ အီရန်နှင့် ဆီးရီးယားကို ရန်သူအဖြစ်သတ်မှတ်လာပြီး လက်ဘနွန်နိုင်ငံအား ဝင်ရောက်စွက်ဖက်မှုများ ပြုလုပ်လာမှုများသည် မှားယွင်းသည့် မူဝါဒများဖြစ်ကြောင်း အဆိုပါ သမ္မတက ပြောကြားသည်။

အီရတ်နိုင်ငံ၏အရေးတွင် အီရန်နိုင်ငံနှင့် ဆီးရီးယားနိုင်ငံတို့က ဝင်ရောက်စွက်ဖက်နေသည်ဆိုသော အမေရိကန်၏ စွပ်စွဲချက်များကိုလည်း အာမက်ဒီနီဂျက်က ပယ်ချလိုက်သည်။

ကြီးထွားလာ

အီရန်နှင့် အမေရိကန်တို့၏ ဆက်ဆံရေးသည် အမေရိကန်တို့က နျူကလီးယား အရေးယူပိတ်ဆို့မှုနှင့် အီရတ်တွင် အမေရိကန်တပ်များက အီရန်သံတမန်များအား ဖမ်းဆီးခဲ့ခြင်းကြောင့် မကြာမီက ဆက်ဆံရေးအဆင်မပြေမှု ကြီးထွားလာသည်။

အမေရိကန်ပြည်ထောင်စုက အီရန်အား အီရတ်၌ ဆက်ဒမ်ဟူစိန်အစိုးရ ပြုတ်ကျပြီးနောက် ပူးပေါင်းတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရာတွင် အကြမ်းဖက်သမားများအား ကူညီထောက်ပံ့ပေးနေသည်ဟု စွပ်စွဲထားသည်။ သို့ရာတွင် အီရန်က ယင်းအချက်ကို ငြင်းဆိုထားပြီးယင်းစွပ်စွဲချက်များသည် အီရန်–အီရတ် ဆက်ဆံရေးကို အမေရိကန်က ကြားဝင်စွက်ဖက်ခြင်းသာ ဖြစ်ကြောင်း ပြောကြားသည်။

ပြောကြား

အမေရိကန်စစ်တပ်က ပင်လယ်ကွေ့ဒေသသို့ ဒုတိယမြောက် လေယာဉ်တင်သင်္ဘောကို မကြာမီက စေလွှတ်ထားခဲ့သော်လည်း အနောက် နိုင်ငံကြီးအချို့နှင့် အာရပ်မီဒီယာများက ရေငုံနှုတ်ပိတ်နေကြသည်။ ယင်းမှာ အမေရိကန်က အီရန်အား ဝင်တိုက်ရန်အတွက်ဖြစ်ကြောင်း၊ အာရပ်နိုင်ငံများတွင်လည်း ဒုံးပျံကာကွယ်ရေးစနစ် ပီအေစီ–၃ကို ဖြန့်ကြက်ချထားကြောင်း အီရန်က ပြောကြားသည်။

သို့သော်လည်း ယင်းကိစ္စမှာ ကောလာဟလများသာ ဖြစ်ကြောင်း၊ အမေရိကန်အနေဖြင့် အီရန်ကို ဝင်ရောက် တိုက်ခိုက်ရန် ရည်ရွယ်ချက်မရှိကြောင်း အိမ်ဖြူတော်နှင့်အမေရိကန် ထိပ်တန်းတာဝန်ရှိသူများက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

သတ္တုမိုင်းလုပ်ငန်းတစ်ခုလျှင် မိုင်းတွင်းတစ်တွင်းသာ တရုတ်၌ လုပ်ပိုင်ခွင့်ရှိမည်

ပေကျင်း ဇန်နဝါရီ ၂၄

တရုတ်နိုင်ငံတွင် လာမည့် ၂၀၀၈ခုနှစ်ကုန်၌ သတ္တုမိုင်းလုပ်ငန်း စည်းမျဉ်းစည်းကမ်းများကို ပြန်လည်ပြင်ဆင်မည်ဖြစ်ရာ သတ္တုမိုင်းလုပ်ငန်းတစ်ခုလျှင် မိုင်းတွင်းတစ်တွင်းသာ လုပ်ကိုင်ခွင့်ပြုတော့မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ အစိုးရ အစီရင်ခံစာတစ်ရပ်၌ ဖော်ပြသည်။

ထိုသို့ စည်းမျဉ်းစည်းကမ်း သတ်မှတ်ခြင်းသည် တရုတ်နိုင်ငံ၌ မိုင်းတွင်းမတော်တဆဖြစ်ရပ်များ လျော့နည်းစေရန်နှင့် တွင်းထွက်သယံဇာတများ ရေရှည် အသုံးပြုသွားနိုင်ရန်ဖြစ်ကြောင်း အဆိုပါ အစီရင်ခံစာ၌ ဖော်ပြထားသည်။

ထုတ်ပြန်

တရုတ်နိုင်ငံတွင် ၂၀၀၇ ခုနှစ် မကုန်မီ အဓိကသတ္တုမိုင်းနယ်မြေငါးခုထက်မနည်းနှင့် သတ္တုတွင်းထွက်သယံဇာတများမှ အနည်းဆုံး သုံးမျိုးတို့အပေါ် အဆိုပါစည်းမျဉ်းများ အကျိုးသက်ရောက်စေမည်ဟု တရုတ်နိုင်ငံမြေနှင့်သယံဇာတများဆိုင်ရာ ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံတစ်ဝန်းတွင် သတ္တုမိုင်းနယ်မြေပေါင်း ၅၃၄၅၃ခုရှိပြီး သတ္တုမိုင်းလုပ်ငန်းပေါင်း ၁၃၂၂၇ ရှိကြောင်း အဆိုပါဝန်ကြီးဌာနမှ ထုတ်ပြန်သော သတင်း၌ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မိုတိုရိုလာ ဖုန်းကုမ္ပဏီ ဝန်ထမ်း ၃၅၀၀လျှော့ချမည်

ဝါရှင်တန် ဇန်နဝါရီ ၂၄

ကမ္ဘာ့ဒုတိယအကြီးဆုံး မိုဘိုင်းလ်ဖုန်း ထုတ်လုပ်သည့် မိုတိုရိုလာကုမ္ပဏီသည် အမြတ် ၄၈ရာခိုင်နှုန်း ကျဆင်းခဲ့ပြီးနောက် အလုပ်သမား၃၅၀၀လျှော့ချမည်ဖြစ်ကြောင်း ၎င်းကုမ္ပဏီက ဇန်နဝါရီ ၁၉ရက်တွင် ကြေညာလိုက်သည်။

အဆိုပါအလုပ်သမား ၃၅၀၀သည် ယင်းလုပ်ငန်း၏ လုပ်ငန်းတန်ဖိုး ငါးရာခိုင်နှုန်းရှိကြောင်း၊ ၎င်းတို့ကို ၂၀၀၇ခုနှစ် ပထမနှစ်ဝက်တွင် လျှော့ချမည်ဖြစ်ကြောင်း ယင်းကုမ္ပဏီက ပြောကြားသည်။

ထိုအလုပ်သမားလျှော့ချသည့် အရေအတွက်သည် ၂၀၀၂ခုနှစ်နောက်ပိုင်း မိုတိုရိုလာအနေဖြင့် အများဆုံးဖြစ်ကြောင်း၊ ယင်းကဲ့သို့လျှော့ချခဲ့ခြင်းမှာ လွန်ခဲ့သော ဒုတိယလေးလပတ်တွင် အသားတင်အမြတ်များကျဆင်းခဲ့၍ ဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ထိုင်းနိုင်ငံ မြောက်ပိုင်း၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွားသည်ဟု သံသယရှိသူ ၂၆ဦး ရှိလာ

ဗန်ကောက် ဇန်နဝါရီ ၂၄

ထိုင်းနိုင်ငံမြောက်ပိုင်း ဖစ်ဆာနူလော့ပြည်နယ်၌ သေဆုံးသောငှက်များကိုကိုင်မိပြီး နာမကျန်းဖြစ်ခဲ့ကာ ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယရှိသူ ၂၆ဦးရှိကြောင်း ပြည်နယ်ကျန်းမာရေးအရာရှိက ဇန်နဝါရီ ၁၉ ရက်တွင် ပြောကြားသည်။

ကူးစက်ခံရ

အဆိုပါ သံသယရှိသူ ၂၆ ဦး အနက် ၁၅ဦးမှာ သေစေနိုင်လောက်သည့် H_5N_1 ရောဂါကဲ့သို့ ကူးစက်ရောဂါ ကူးစက်ခံနေရကြောင်း ပြည်သူ့ကျန်းမာရေးအကြီးအကဲ ကာမိုသန်က ပြောကြားသည်။

မူအန်း၊ ဝပ်ဘုတ်နှင့်ဘန်ရာခမ် ခရိုင်သုံးခုမှ ကျေးရွာသုံးရွာကိုလည်း လေ့လာစောင့်ကြည့်နေကြောင်း ၎င်း၏ ပြောကြားချက်ကို နေးရှင်းသတင်းစာက ကိုးကားဖော်ပြသည်။

အနားပေး

သို့ရာတွင် ယင်း၂၆ဦးအနက်မှ သုံးဦးသာလျှင် ဆေးရုံတင်ပို့ထားပြီး ကျန်လူများကို နေအိမ်၌ အနားပေးထားကြောင်း ၎င်းသတင်းစာက ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပြင်းထန်သော မြေငလျင်တစ်ခု အင်ဒိုနီးရှား အရှေ့ပိုင်း၌ လှုပ်ခဲ့

ဂျကာတာ ဇန်နဝါရီ ၂၄

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း၌ ဇန်နဝါရီ ၂၀ရက်က အင်အား ၆ဒသမ ၂ရှိသော မြေငလျင်တစ်ခုလှုပ်ခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှု အခြေအနေများ ယခုအထိ မသိရသေးကြောင်း အင်ဒိုနီးရှားမိုးလေဝသနှင့် ဘူမိရူပဗေဒဆိုင်ရာ အေဂျင်စီက ဂျကာတာမြို့၌ ပြောကြားလိုက်သည်။

လှုပ်ခတ်

အဆိုပါမြေငလျင်သည် မာလုကုပြည်နယ် တူရယ်ဒေသ၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၂၃၀အကွာ ပင်လယ်ရေအောက် ကီလိုမီတာ၁၇၀၌ ဗဟိုပြုလျက် ဂျကာတာစံတော်ချိန် နံနက် ၉နာရီ ၄၅မိနစ်တွင် လှုပ်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိပုဂ္ဂိုလ် ဟင်ဒရစ်လီယိုပတ်သီက ဆင်ဟွာသို့ ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်၌ ၂၀၀၄ခုနှစ် ဒီဇင်ဘာလက အင်အား ၈ဒသမ ၇ မြေငလျင်လှုပ်ခဲ့ရာ လူပေါင်း ၁၆၀၀၀၀ကျော်သေဆုံးခဲ့ရ သည်။အင်ဒိုနီးရှားနိုင်ငံသည် မြေငလျင်ဇုန်အတွင်း ကျရောက်နေပြီး မကြာခဏ မြေငလျင်များလှုပ်မှုနှင့် ကြုံတွေ့နေရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား



ကမ္ဘာ့ အသေးငယ်ဆုံး စက်ရုပ်

ကမ္ဘာ့အသေးငယ်ဆုံး စက်ရုပ်လေးတစ်ခုကို တွေ့ရစဉ်။ (ဝဲပုံ)

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပသည့် အရုပ်ပွဲတော် ၂၀၀၇၌ အိုင်ဆိုဘော့စ် အမည်ပေးထားသော စက်ရုပ်လေးမှာ အမြင့် ၆ ဒသမ ၅ လက်မရှိပြီး အသံနှင့်လှုပ်ရှားမှုများကို အလိုအလျောက် ထိန်းချုပ်ပေးနိုင်ကြောင်း၊ ကမ္ဘာပေါ်တွင် အသေးငယ်ဆုံး စက်ရုပ်လေးဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ခုနစ်ရက်လုံးလုံး အစာမစား ရေမသောက်သည့် ပြိုင်ပွဲဝင်ဖျံ

ခရီးဝေးဖြတ်သန်းလာသော ဖျံမတစ်ကောင်ကိုတွေ့ရစဉ်။ (ယာပုံ)

ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ ကျင်းပမည့် တိရစ္ဆာန်ပြပွဲတွင် ပါဝင်ဆင်နွှဲမည့် ဖျံမတစ်ကောင်သည် ကာလီဖိုးနီးယားပြည်နယ်မှ ထွက်ခွာလာသည့် ထရပ်ကားတစ်စီး နောက်ခန်းတွင် ခုနစ်ရက်လုံးလုံး အစာမစား ရေမသောက်ဘဲ လိုက်ပါလာခဲ့သည်။ ၎င်းဖျံမလေး ခရီးနှင်လာခဲ့မှုမှာ မိုင်ပေါင်း ၂၂၀၀ရှိသည်။ **(အင်တာနက်)**

ရွှေကျင်နိကာယဝိနည်းတော် စာပြန်ပွဲကြီးနှင့်ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၂၄

(၈၇) ကြိမ်မြောက် ရန်ကုန်တိုင်းလုံးဆိုင်ရာ ရွှေကျင်နိကာယ ဝိနည်းစာတော်ပြန်ပွဲကြီးကို ရွှေကျင်ဂိုဏ်းကြီး၏ ဂိုဏ်းချုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဝါဆိုကျောင်းဆရာတော်ကြီးနှင့် ရန်ကုန်တိုင်း ရွှေကျင်ဂိုဏ်းကြီး၏ ဥပဥက္ကဋ္ဌ အဘိဓဇမဟာ ရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ သီရိမန္တစံ ကျောင်းဆရာတော်ကြီးတို့က ကြီးမှူး၍ (၁၃၆၈ ခုနှစ် တပို့တွဲလဆန်း ၁၃ရက်၊ ၁၄ရက်၊ ၁၅ရက်) ဇန်နဝါရီ ၃၀ရက်၊ ၃၁ရက်နှင့် ဖေဖော်ဝါရီ ၁ရက်တို့တွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားအရှေ့ဘက် ကိုယ့်မင်းကိုယ့်ချင်းလမ်းနှင့် ကြားတောရလမ်းထောင့်ရှိ ရွှေကျင်နိကာယ သာသနာလင်္ကာရ ဓမ္မဗိမာန်တော်ကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆွမ်းခံကြွရောက်မည်

အဆိုပါစာတော်ပြန်ပွဲကြီးကို သံဃာတော်အပါး၆၀၀ ကျော် ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ပြီး နာယက ဆရာတော်ကြီးများနှင့် စာဖြေသံဃာတော်များမှ စုစုပေါင်းသံဃာတော် ၁၀၈ပါးတို့သည် ဇန်နဝါရီ ၃၀ရက်၊ ၃၁ရက်နှင့် ဖေဖော်ဝါရီ ၁ရက် နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် ပန်းဘဲတန်းမြို့နယ်တို့တွင် လည်းကောင်း၊ ဖေဖော်ဝါရီ ၁ရက် နံနက် ၈နာရီတွင် လသာမြို့နယ်တွင်လည်းကောင်း ဆွမ်းခံကြွရောက် အလှူခံတော်မူမည်ဖြစ်သည်။

စာတော်ပြန်ပွဲဓမ္မသဘင်

စာတော်ပြန်ပွဲဓမ္မသဘင်အဖြစ် ဇန်နဝါရီ ၂၇ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒ၊ ၂၈ရက်တွင် တိပိဋက ဓမ္မဘဏ္ဍာဂါရိကယောဆရာတော်နှင့် ၂၉ရက်တွင် သာကေတပါဠိကာရီ ဆရာတော်အရှင် အဂ္ဂိသတို့က ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟုသိရသည်။ **(မြန်မာ့အလင်း)**

ဇန်နဝါရီ ၂၃ ရက်က ရန်ကင်းမြို့နယ် ဝါဆိုမှီ ဘုန်းတော်ကြီးသင်ကျောင်းမှ ကျောင်းသားကျောင်းသူ ၂၀၀တို့အား စာအုပ်၊ ဘောပင်၊ ခဲတံများကို ရန်ကင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်နှင့် အဖွဲ့က ပေးအပ်လှူဒါန်းကြစဉ်။ (က–ပ)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဝါရင့်အင်ဂျင်နီယာ အတွေ့အကြုံဟောပြောမည်

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကကြီးမှူး၍ ဝါရင့်အင်ဂျင်နီယာ ဆရာကြီးများက အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ကိုယ်တွေ့ အတွေ့အကြုံများကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အအုံ (တက္ကသိုလ်များ လှိုင်နယ်မြေ)၌ ဇန်နဝါရီ ၂၇ရက် နံနက် ၉နာရီတွင် ရှင်းလင်းဟောပြောမည်ဖြစ်သည်။

အဆိုပါ ဟောပြောပွဲတွင် ဝါရင့်ဆရာကြီးများဖြစ်ကြသော ဆရာကြီး ဦးဘသန်း၊ ဆရာကြီးဦးထွန်းရွှေနှင့် ဆရာကြီးဦးစံထွန်းအောင်တို့က ဟောပြောကြမည်ဖြစ်ပြီး အင်ဂျင်နီယာပညာရပ်ကို စိတ်ပါဝင်စားသော မည်သူမဆို လာရောက်နားထောင်နိုင်ကြောင်း မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက ဖိတ်ကြားထားကြောင်း သိရသည်။ (သတင်းစဉ်)

ပရိယတ္တိဝဲပုံစာသင်တိုက် ငွေရတုသဘင်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်အောင်မြို့ ပရိယတ္တိဝဲပုံစာသင်တိုက် (၂၅)နှစ်ပြည့်ငွေရတုသဘင် အခမ်းအနားကို (၁၃၆၈ခုနှစ် တပို့တွဲလပြည့်ကျော် ၇ ရက်) ဖေဖော်ဝါရီ ၈ရက်မှစ၍ (တပေါင်းလဆန်း၁ရက်) ဖေဖော်ဝါရီ ၁၆ ရက်အထိ ကိုးရက်တိုင်တိုင် ရဟန်းခံရှင်ပြု သီလရှင်ဝတ်ပွဲများ လယ်တီမူဝိပဿနာ တရားစခန်းပွဲများ၊ လယ်တီမူ အရှင်ကောသလ္လ (ဓမ္မာစရိယ)၊ လယ်တီမူအရှင်တေဇနိယ (ဓမ္မာစရိယ)၊ ကလေးဝတောရ စာသင်တိုက် အရှင်သံဝရ(ဓမ္မာစရိယ) တို့၏ ညတရားပွဲများကျင်းပပြီး ငွေရတုသဘင် အောင်ပွဲ အခမ်းအနားကို နိုင်ငံတော် ရွှေတံဆိပ်ဆုရှင် မင်းသမီး မြင့်မြင့်ကြည် (မြန်မာ့ဂုဏ်ရည်အငြိမ့်)ဖြင့် ဖျော်ဖြေကျင်းပမည်ဖြစ်သည်။ ရပ်နီးရပ်ဝေးမှ တပည့်ဟောင်းများ၊ တပည့်ဒါယကာ ဒါယိကာမများ ကြွရောက်ပါရန်နှင့် အလှူငွေများကို ဦးကျော်တင့် ဖုန်း–၀၄၄–၅၀၂၈၆၊ ဦးကျော်စိုး ဖုန်း–၀၄၄–၅၀၀၅၅နှင့် ဦးသန်းအေး ဖုန်း–၀၄၄–၅၀၁၇၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅–၁–၂၀၀၇ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	ပရိတ်ကြီး(၁၁)သုတ် (ဘဒ္ဒန္တကုမာရ)
၇း၄၅	အမျိုးသားအထိမ်းအမှတ် ဥယျာဉ်
၇း၅၅	တေးဂီတအစီအစဉ်
၈း၀၀	ပြည်တွင်းအနုပညာရေးရာ
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	သိမြင် သုတ တိုးပွားစေရာ ဆဋ္ဌသံဂါယနာ မော်ကွန်းပြတိုက်မှာ
၉း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅	မြန်မာ–တရုတ် နှစ်နိုင်ငံ နယ်စပ်ပြည်သူပြည်သားများ ဆက်ဆံရေးနှစ်(၅၀)ပြည့် အခမ်းအနားခရီးစဉ် (မန်စီမြို့)
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	ကျောက်မီးသွေးအကြောင်း သိကောင်းစရာ
၁၀း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	ဖွံ့ဖြိုးစုံစွာ သာကေတစက်မှုဇုန်မှာ
၁၀း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀	Yangon Panorama (ကိုအောင်-Flash Memo)
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	လောကရဲ့အလှရတနာ (ရဲအောင်၊ သူထူးစံ၊ မေသဥ္ဇာဦး၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ)
၁၁း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅	သွားမယ် စားမယ် (Lumbini Restaurant)
၁၁း၄၀	မိုးလေဝသခန့်မှန်းချက်
၁၁း၄၅	သီးနှံစိုက်ပျိုးအထွက်တိုး "ခြံစည်းရိုးကြက်ဆူပင်"
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	Aikido လေ့ကျင့်မှုဆိုင်ရာ အခြေခံနည်းစနစ်များ
၁၂း၃၀	တေးဂီတအစီအစဉ်
၁၂း၃၅	ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ဆီသို့(ရှမ်းပြည်နယ်တောင်ပိုင်း) (လွိုင်လင်ခရိုင်)
၁၂း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅	မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇နာရီအထိတစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

The Commerce Journal အတွဲ(၇)၊ အမှတ် (၂) ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၄

The Commerce Journal အတွဲ(၇)၊ အမှတ်(၂) ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါ ဂျာနယ်တွင် မြန်မာ–ဗီယက်နမ်ကုန်သွယ်မှု နှစ်နှစ်အတွင်း အမေရိကန်ဒေါ်လာသန်း တစ်ရာထိတိုးမြှင့်မည်။ ထိုင်းနှင့် အီဂျစ်တွင် ကုမ္ပဏီရုံးခွဲများဖွင့်လှစ်လျှင် သိထားသင့်သော အချက်များ၊ ထိုင်း–မြန်မာ နယ်စပ်ကုန်ပစ္စည်းတင်သွင်းမှု ကြန့်ကြာနေခြင်းအကြောင်း၊ ငှါးခေါက်နှင့် အုံတုံခေါက်များအရောင်းအဝယ်ဖြစ်၊ ကိုလက်စထရောကို ဝါးကြောနဲ့ ရှင်း၊ ပြည်ပပို့ကုန်လှငါး၊ ၂၀၀၇ ခုနှစ် ရွှေဈေးကွက်၊ ဝင်ငွေဖြောင့်နေတဲ့ ကန့်ခြံနီခြောက်၊ အာဆီယံအဖွဲ့ဝင်သစ်လေးနိုင်ငံပို့ကုန်တိုးချဲ့ရေးအခွင့်ကောင်းတစ်ရပ်၊ ကမ္ဘာ့မော်တော်ကားဈေးကွက်၊ အိန္ဒိယ အိမ်ခြံမြေ ဈေးနှုန်းစသော သတင်းများပါဝင်သည်။ ထို့အပြင် မောင်စူးစမ်း၊ အောင်သင်း၊ ဦးဟန်ထွန်း၊ ကြည်မင်း၊ ကြည့်ရှုန်း၊ အောင်စိုး (MPM)၊ သိန်းမြသိန်းတို့၏ အထူးဆောင်းပါးများ၊ ပြည်တွင်းပြည်ပ ဈေးကွက်သတင်းများ၊ အခြေခံဈေးနှုန်းညှိနှိုင်းသတ်မှတ်ရေးအဖွဲ့မှ အတည်ပြုသောသွင်းကုန်ဈေးနှုန်းများ၊ ပို့ကုန်အခြေခံဈေးနှုန်းများ၊ နယ်စပ်ကုန်သွယ်ရေးမှ သွင်းကုန်ပစ္စည်းဈေးနှုန်းများ၊ နှစ်ဖက်နိုင်ငံနယ်စပ်ဈေးနှုန်းများ၊ အာရှဆန်ဈေးနှုန်း၊ ရော်ဘာဈေးနှုန်းနှင့်အပြည်ပြည်ငွေလဲလှယ်နှုန်းများ၊ စံဇာဏီဘို၏ အမည်ဟောကိန်းနှင့် ဟာသများဖြင့် ဝေဝေဆာဆာထုတ်ဝေကာ တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



နိုင်ငံခြားရေး ဒုတိယဝန်ကြီးဦးမောင်မြင့် ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိ
နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ရေး ဆွေးနွေးခဲ့

နေပြည်တော် ဇန်နဝါရီ ၂၄

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာလောင်ဗီဆာလို၏ ဖိတ်ကြားချက်အရ ဇန်နဝါရီ ၁၇ ရက်မှ ၂၀ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံသို့ သွားရောက်ခဲ့သည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါက်တာဦးအောင်နိုင် လိုက်ပါလျက် အဖွဲ့ဝင်များနှင့်အတူ ဇန်နဝါရီ ၁၈ရက်နံနက်ပိုင်းက ဖနောင်ပင်မြို့ရှိ ကမ္ဘောဒီးယား လွှတ်တော်သို့ သွားရောက်၍ လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက်ချေဆင်းမ်အား သွားရောက်ဂါရဝပြုတွေ့ဆုံသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဖနောင်ပင်မြို့ရှိ အိုနာလ်လုံဘုရားသို့ သွားရောက်ပြီး ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၏ အဓိပတိ ဆရာတော် အဂ္ဂမဟာသံဃရာဇာဓိပတိ ဆမ်ဒက်ပရယ်လ်တက်ဖောင် ဆရာတော်အား ဖူးမြော်ကန်တော့ကာ လှူဖွယ်ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံဆွေးနွေး

ယင်းနောက် ဒုတိယဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယား နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနသို့ သွားရောက်ပြီး ဒုတိယဝန်ကြီး မစ္စတာလောင်ဗီဆာလို ခေါင်းဆောင်သည့် ကမ္ဘောဒီးယားကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နှစ်နိုင်ငံ ဆက်ဆံမှုတိုးမြှင့်ရေးနှင့် ကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ညနေ ၄နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနဝန်ကြီး မစ္စတာဟော်နမ်ဟောင်အား ၎င်း၏ရုံးခန်းတွင် သွားရောက် ဂါရဝပြု တွေ့ဆုံသည်။

တည်ခင်းဧည့်ခံ

ထို့နောက် ဒုတိယဝန်ကြီးသည် ညနေ၆နာရီတွင် ဖနောင်ပင်မြို့ရှိဝန်ကြီးများကောင်စီရုံးသို့ သွားရောက်ကာ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်ဆမ်ဒက် ဟွန်ဆင်အား ဂါရဝပြုတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ညပိုင်းတွင် ကမ္ဘောဒီးယား နိုင်ငံခြားရေးနှင့်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ လောင်ဗီဆာလိုသည် ဧည့်သည်တော် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဦးမောင်မြင့်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ဖနောင်ပင်ရှိ သမ္မတ ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

လိုက်ပါခဲ့

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၁၉ ရက်က သီဟာနုဗီးလ်ဆိပ်ကမ်းမြို့သို့ သွားရောက်လေ့လာကြသည်။ ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ဇန်နဝါရီ ၂၀ ရက်တွင် နေပြည်တော်သို့ပြန်လည်ရောက်ရှိသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားခဲ့ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းနှင့် နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်လင်းတို့လည်း ပြန်လည်လိုက်ပါ ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သတင်းအချက်အလက်နှင့်ဆက်သွယ်မှုနည်းပညာ ပုသိမ်မြို့၌ ပြပွဲခင်းကျင်းပြသမည်

ရန်ကုန် ဇန်နဝါရီ ၂၄

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များအသင်း (ဧရာဝတီတိုင်း)နှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း (ဧရာဝတီတိုင်း)တို့ ပူးပေါင်း၍ သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာပြပွဲ ၂၀၀၇ (ဧရာဝတီ)ကို ဇန်နဝါရီ ၂၇ ရက်မှ ၂၉ရက်အထိ ဧရာဝတီတိုင်း ပုသိမ်မြို့ ဧရာရွှေဝါခန်းမတွင် ကျင်းပမည်ဖြစ်သည်။

ကြည့်ရှုလေ့လာနိုင်

ပြပွဲ၌ ဧရာဝတီတိုင်းအတွင်းရှိ ပြည်သူများ ၂၀၀၇ခုနှစ်၏ ကွန်ပျူတာနည်းပညာအသစ်အဆန်းများနှင့် ကွန်ပျူတာအသုံးပြုဆက်စပ်ပစ္စည်းများကို ကွန်ပျူတာလုပ်ငန်းများက တစ်နေရာတည်းတွင် ကြည့်ရှုလေ့လာနိုင်ရန် စီစဉ်ပေးထားသည်။

ပြပွဲတွင် ပြခန်းပေါင်း ၃၀နီးပါး စီစဉ်ပေးထားပြီး ပြသလိုသော ကွန်ပျူတာလုပ်ငန်းရှင်များသည် ဖုန်း–၀၄၂–၂၅၂၄၀၊ ၀၄၂–၂၄၂၆၃၊ ၀၉–၅၂၀၀၂၅၇၊ ၀၉–၅၂၀၁၁၈၇တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးဟ/မိုးဟင်ပြည်သူ့စစ်အဖွဲ့ သဘောထားကြေညာချက်

မြန်မာနိုင်ငံအရေးကိစ္စသည် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဖြေရှင်းသင့်သောကိစ္စဟုယုံကြည် ပြည်ပမှ ဝင်ရောက်စွက်ဖက်ဖြေရှင်းမှုကို လက်မခံနိုင်

ရန်ကုန် ဇန်နဝါရီ ၂၄

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် မိုးဟ/မိုးဟင် ပြည်သူ့စစ်အဖွဲ့က သဘောထားကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက်
ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်
မိုးဟ/မိုးဟင်ပြည်သူ့စစ်အဖွဲ့၏ သဘောထားထုတ်ပြန်ကြေညာချက် (၁/၂၀၀၇)

၁။ လုံခြုံရေးကောင်စီတွင် အစီအစဉ်တင်သွင်းမှုအား မိမိတို့အဖွဲ့အစည်းအနေဖြင့် ကန့်ကွက်ခဲ့ပြီးဖြစ်သည်။ မိမိတို့အဖွဲ့ ကန့်ကွက်သလို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကသမ္မတနိုင်ငံတို့က ကန့်ကွက်ခဲ့ပြီးသည့်အပြင် ပြည်သူတစ်ရပ်လုံးကလည်း ဆန့်ကျင်ကန့်ကွက်ခဲ့ကြပြီးဖြစ်ပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❍

မြန်မာနိုင်ငံ လယ်ယာကိုင်းကျွန်းသီးနှံ စိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ကြေညာချက်

အမေရိကန်နှင့်ဗြိတိန်တို့၏ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ဖိအားပေး လုပ်ဆောင်မှုကို အချိန်ကိုက် လိုက်ပါလှုပ်ရှားထောက်ခံခဲ့ကြသော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများအား ကန့်ကွက်ပြစ်တင်ရှုတ်ချ

ရန်ကုန် ဇန်နဝါရီ ၂၄

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ လယ်ယာကိုင်းကျွန်းသီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်းက ဇန်နဝါရီ ၂၂ ရက်တွင် သဘောထားကြေညာချက် တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါသဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက်
ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ
လယ်ယာကိုင်းကျွန်းသီးနှံ စိုက်ပျိုးထုတ်လုပ်သူများအသင်း၏ သဘောထားကြေညာချက်

မြန်မာနိုင်ငံ၏အရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးအစီအစဉ်တွင်ပါဝင်စေရန် ဖိအားပေးသိမ်းသွင်းလုပ်ဆောင်ခဲ့ပြီးနောက် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန် ကြိုးပမ်းအားထုတ်ပြီး လုံခြုံရေးကောင်စီက

စာမျက်နှာ ၇ ကော်လံ ၄ ■

နားရိုင်းဒေသဖွံ့ဖြိုးရေးနှင့် ဘဝသစ်ထူထောင်ရေးအဖွဲ့၏ ကြေညာချက်

မြန်မာနိုင်ငံအရေးကိစ္စကို ပြည်ပမှဝင်ရောက်စွက်ဖက်ဖြေရှင်းမှုကို လက်မခံ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း အမျိုးသားညီလာခံတွင် ဆွေးနွေးဖြေရှင်းခြင်းသည်သာ အမှန်ကန်ဆုံးဖြစ်

ရန်ကုန် ဇန်နဝါရီ ၂၄

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် နားရိုင်းဒေသဖွံ့ဖြိုးရေးနှင့် ဘဝသစ်ထူထောင်ရေးအဖွဲ့က ဇန်နဝါရီ ၁၇ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက်
ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်
နားရိုင်းဒေသဖွံ့ဖြိုးရေးနှင့် ဘဝသစ်ထူထောင်ရေးအဖွဲ့၏ သဘောထားကြေညာချက်

ရက်စွဲ။ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်

၁။ မြန်မာနိုင်ငံအပေါ် အမေရိကန်နိုင်ငံ၏ တစ်ဖက်သတ်စွပ်စွဲချက်များဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဆွေးနွေးမည့်အစီအစဉ် တင်သွင်းခဲ့ခြင်းကို မိမိတို့အဖွဲ့နှင့် ပြည်သူတစ်ရပ်လုံးကလည်း ဆန့်ကျင်ကန့်ကွက်ခဲ့ကြပြီးဖြစ်ပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❒

မြန်မာနိုင်ငံသစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၏ ကြေညာချက်

မြန်မာ့အရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချနိုင်ရန် အမေရိကန်နှင့် ဗြိတိန်တို့၏ မမှန်ကန်သော တစ်ဖက်သတ်လုပ်ရပ် အောင်မြင်မှုမရှိဘဲ ပျက်ပြားသွားခြင်းအတွက် များစွာနှစ်ထောင်းအားရဖြစ်မိ

ရန်ကုန် ဇန်နဝါရီ ၂၄

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းက ဇန်နဝါရီ ၂၂ ရက်တွင် သဘောထားကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက်
ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်
မြန်မာနိုင်ငံ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၏
သဘောထားကြေညာချက်

မြန်မာနိုင်ငံ၏အရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးအစီအစဉ်တွင် ပါဝင်စေရန် ဖိအားပေးသိမ်းသွင်းလုပ်ဆောင်ခဲ့ပြီးနောက်

စာမျက်နှာ ၇ ကော်လံ ၄ ✡

မိုးပေါ်ပြည်သူ့စစ်အဖွဲ့၏ သဘောထားကြေညာချက်

မြန်မာနိုင်ငံအရေးကိစ္စကို နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည့် ပြည်ပမှ ဝင်ရောက်စွက်ဖက်ဖြေရှင်းမှုကို လက်မခံ

ရန်ကုန် ဇန်နဝါရီ ၂၄

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မိုးပေါ်ပြည်သူ့စစ်အဖွဲ့က ဇန်နဝါရီ ၁၅ ရက်တွင် သဘောထားကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက်
ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်
မိုးပေါ်ပြည်သူ့စစ်အဖွဲ့၏ ကြေညာချက်

ရက်စွဲ။ ၁၅-၁-၂၀၀၇

၁။ မြန်မာနိုင်ငံ၏အရေးကိစ္စသည် ဒေသတွင်း၊ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်သည်ဟု အကြောင်းပြကာ မြန်မာ့ပြည်တွင်းရေးအား

စာမျက်နှာ ၇ ကော်လံ ၁ ✻

မြန်မာနိုင်ငံ စိုက်ပျိုးရေးအခြေခံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ ကြေညာချက်

မြန်မာ့အရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီအစီအစဉ်တွင် ပါဝင်ရန် အမေရိကန်နှင့် ဗြိတိန်တို့က ဖိအားပေးသိမ်းသွင်း လုပ်ဆောင်ခဲ့ပြီး မမှန်ကန်သောအကြောင်းပြချက်နှင့် ဆုံးဖြတ်ချက်တင်သွင်းခြင်းကို ကန့်ကွက်

ရန်ကုန် ဇန်နဝါရီ ၂၄

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ စိုက်ပျိုးရေးအခြေခံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက ဇန်နဝါရီ ၂၂ ရက်တွင် သဘောထားကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင် ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက်
ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်
မြန်မာနိုင်ငံ စိုက်ပျိုးရေးအခြေခံ စားသောက်ကုန်ထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၏
သဘောထားကြေညာချက်

မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန် အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့က ဦးဆောင်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင်

စာမျက်နှာ ၇ ကော်လံ ၄ ●

❍ *စာမျက်နှာ ၆ မှ*

၂။ ထိုကဲ့သို့ ဆန့်ကျင်နေသည့်ကြားမှ အမေရိကန်နှင့် ဗြိတိန်တို့သည် မြန်မာနိုင်ငံပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရန်အတွက် နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ဖမ်းဆီးထားမှု၊ မြန်မာနိုင်ငံအရှေ့ပိုင်းတွင် တိုင်းရင်းသားလူနည်းစုများအား ဖိနှိပ်တိုက်ခိုက်ခြင်းဖြင့် လူ့အခွင့်အရေးချိုးဖောက်နေမှု၊ HIV၊ တီဘီနှင့် ငှက်ဖျားရောဂါပြန့်ပွားနေခြင်းကို မထိန်းချုပ်နိုင်မှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုကို တားဆီးနှိမ်နင်းခြင်းမရှိမှု စသည့် မမှန်ကန်သောအကြောင်းပြချက်များနှင့် ဆက်လက်ကြိုးစားခဲ့သဖြင့် ယခုကဲ့သို့ လုံခြုံရေးကောင်စီ အစီအစဉ်တွင် တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

၃။ ထိုလုပ်ကြံစွပ်စွဲမှုများ၌ မြန်မာ့အရေးသည် ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိခိုက်သည်ဟု မမှန်မကန်စွပ်စွဲမှုဖြစ်သောကြောင့် လက်မခံနိုင်သဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကသမ္မတနိုင်ငံတို့က ကန့်ကွက်ခဲ့ပြီး ကျန်သုံးနိုင်ငံမှ ကြားနေခဲ့ခြင်းဖြစ်သည်ဟု သိရှိခဲ့ရပါသည်။ ယခု လုံခြုံရေးကောင်စီတွင် အစီအစဉ်တင်သွင်းမှုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှာဖက်ဒရေးရှင်းနိုင်ငံတို့က ၁၉၇၂ ခုနှစ်မှ ယနေ့ထိ မကြုံခဲ့ဖူးသော Double Veto အာဏာကိုသုံး၍ ပယ်ချခဲ့ကြောင်း သိရှိရပါသည်။ ထိုကဲ့သို့ မြန်မာနိုင်ငံ၏အခြေအနေကို နားလည်ပေးပြီး ထောက်ခံအားပေးမှုများပြုလုပ်ပေးခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကသမ္မတနိုင်ငံတို့အား မိမိတို့အဖွဲ့အနေဖြင့် အထူးကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောကြားအပ်ပါသည်။

၄။ မြန်မာနိုင်ငံအရေးကိစ္စသည် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဖြေရှင်းသင့်သောကိစ္စဟု မိမိတို့ မုံးဟ/မုံးဟင်ပြည်သူ့စစ်အဖွဲ့အနေဖြင့် ယုံကြည်၍ ပြည်ပမှ ဝင်ရောက်စွက်ဖက်ဖြေရှင်းမှုကို လက်မခံနိုင်ကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆက်လက် ပါဝင်ဆောင်ရွက်ပြီး အမျိုးသားညီလာခံတွင် ဆွေးနွေးဖြေရှင်းခြင်းသည် အမှန်အကန်ဖြစ်ကြောင်း ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့် အခိုင်အမာယုံကြည်ကြောင်း ကြေညာအပ်ပါသည်။

ဦးလောမား
ခေါင်းဆောင်
မုံးဟ/မုံးဟင်ပြည်သူ့စစ်အဖွဲ့

❒ *စာမျက်နှာ ၆ မှ*

၂။ အမေရိကန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့သည် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရန်အတွက် မဟုတ်မမှန်သတင်းများလုပ်ကြံကာ မြန်မာနိုင်ငံအတွင်း အန္တရာယ်ဖြစ်စေသော မူးယစ်ဆေးဝါးများ၊ ကူးစက်ရောဂါများရှိသည်ဟု စွပ်စွဲကာ မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာကို ထိပါးစေပြီး မြန်မာနိုင်ငံအား ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းအား တစ်ဖက်သတ်စွပ်စွဲချက်များဖြင့် တင်သွင်းခဲ့ကြောင်း သိရှိရပါသည်။

၃။ ၎င်းစွပ်စွဲချက်များတွင် မြန်မာနိုင်ငံအရေးသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်သည်မှာ မဖြစ်နိုင်ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့က ကန့်ကွက်ခဲ့ကြပြီး ကျန်သုံးနိုင်ငံမှာ ကြားနေခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

၄။ မြန်မာနိုင်ငံအရေးကိစ္စသည် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဖြေရှင်းသင့်သော ကိစ္စဟု ယုံကြည်ကာ ပြည်ပမှ ဝင်ရောက်စွက်ဖက်ဖြေရှင်းမှုကို လက်မခံနိုင်ကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆက်လက်ပါဝင်ဆောင်ရွက်ပြီး အမျိုးသားညီလာခံတွင် ဆွေးနွေးဖြေရှင်းခြင်းသည်သာ အမှန်ကန်ဆုံးဖြစ်ကြောင်း ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့် အခိုင်အမာယုံကြည်ကြေညာအပ်ပါသည်။

၅။ ၎င်းအပြင် မြန်မာနိုင်ငံအခြေအနေကို နားလည်ပေးပြီး ထောက်ခံအားပေးမှုများ ပြုလုပ်ပေးခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အား မြန်မာနိုင်ငံပြည်သူလူထုကိုယ်စား ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဦးလီချန်း
ဥက္ကဋ္ဌ
နားရိုင်းဒေသ ဖွံ့ဖြိုးရေးနှင့်ဘဝသစ်ထူထောင်ရေးအဖွဲ့။

✻ *စာမျက်နှာ ၆ မှ*

ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန်ကိစ္စအား ကျွန်ုပ်တို့ မုံးပေါ်ပြည်သူ့စစ်အဖွဲ့အနေဖြင့် ကန့်ကွက်ခဲ့ပြီးဖြစ်ပါသည်။ မြန်မာပြည်သူတစ်ရပ်လုံးကပါ ဆန့်ကျင်ကန့်ကွက်ခဲ့ပြီးဖြစ်သည့်အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ကလည်း ကန့်ကွက်ခဲ့ကြပါသည်။

၂။ ထိုကဲ့သို့ ဆန့်ကျင်ကန့်ကွက်နေသည့်ကြားမှ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့သည် နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ဖမ်းဆီးထားရှိမှု၊ မြန်မာနိုင်ငံအရှေ့ပိုင်းတွင် တိုင်းရင်းသားလူနည်းစုများအား ဖိနှိပ်တိုက်ခိုက်ခြင်းဖြင့် လူ့အခွင့်အရေးချိုးဖောက်နေမှု၊ HIV၊ တီဘီနှင့် ငှက်ဖျားရောဂါပြန့်ပွားနေမှုကို မထိန်းချုပ်နိုင်မှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုကို ထိရောက်စွာတားဆီးနှိမ်နင်းခြင်းမရှိမှု စသည့် မမှန်မကန်အကြောင်းပြချက်များဖြင့် မြန်မာနိုင်ငံ၏ပြည်တွင်းရေးအပေါ် ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး ဆက်လက် ကြိုးစားအားထုတ်ခဲ့ပါသည်။

၃။ မြန်မာ့အရေးသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား ထိခိုက်သည်ဆိုခြင်းမှာ မမှန်ကန်သော စွပ်စွဲမှုသာဖြစ်သောကြောင့် လက်ခံနိုင်ခြင်းမရှိ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကသမ္မတနိုင်ငံတို့က ကန့်ကွက်ခဲ့ကြပြီး ကျန်သုံးနိုင်ငံက ကြားနေခဲ့သည်ကို တွေ့မြင်ခဲ့ပြီဖြစ်ရာ ၁၉၇၂ ခုနှစ်မှ ယနေ့အထိ မကြုံခဲ့ဖူးသော Double Veto သုံးခဲ့ခြင်းဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံ၏အခြေအနေကို သိရှိနားလည်ပြီး ထောက်ခံမှုပြုခဲ့ပေးသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အား မြန်မာပြည်သူတစ်ရပ်လုံးနှင့်အတူ ကျွန်ုပ်တို့ မုံးပေါ်ပြည်သူ့စစ်အဖွဲ့ကပါ ကျေးဇူးတင်ရှိပါသည်။

၅။ မြန်မာနိုင်ငံ၏ အရေးကိစ္စသည် မိမိတို့ တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဖြေရှင်းသင့်သော ကိစ္စများဖြစ်၍ ပြည်ပမှဝင်ရောက်စွက်ဖက်ဖြေရှင်းမှုကို လက်မခံနိုင်ကြောင်းနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အမျိုးသားညီလာခံတွင် တိုင်ပင်ဆွေးနွေးဖြေရှင်းခြင်းသည် အမှန်အကန်ဖြစ်ကြောင်း ကျွန်ုပ်တို့ မုံးပေါ်ပြည်သူ့စစ်အဖွဲ့အနေဖြင့် အခိုင်အမာယုံကြည်ကြေညာအပ်ပါသည်။

ဦးကိန်မိုင်
ဥက္ကဋ္ဌ
မုံးပေါ်ပြည်သူ့စစ်အဖွဲ့
ရှမ်းပြည်နယ်(မြောက်ပိုင်း)

■ *စာမျက်နှာ ၆ မှ*

အရေးယူဆောင်ရွက်ပေးပါရန် အဆိုပြု ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်ကို ဆက်လက်တင်သွင်းခဲ့သည့် အမေရိကန်နှင့် ဗြိတိန်တို့၏ မမှန်ကန်သော တစ်ဖက်သတ်လုပ်ရပ်သည် အောင်မြင်မှုမရှိဘဲ ပျက်ပြားသွားခြင်းအတွက် ဤအသင်းနှင့်တကွ စီးပွားရေးအဖွဲ့အစည်းအသီးသီးနှင့် လုပ်ငန်းရှင်များက များစွာ နှစ်ထောင်းအားရဖြစ်မိပါကြောင်း ဖော်ပြပါသည်။

ယင်းသို့ အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ဖိအားပေးလုပ်ဆောင်မှုကို အမေရိကန်အစိုးရ၏ လုပ်ရပ်များနှင့်အတူ အတိုင်အဖောက်ညီညီ အချိန်ကိုက်လိုက်ပါ လှုပ်ရှားထောက်ခံခဲ့ကြသော ပြည်တွင်းပြည်ပအဖွဲ့အစည်းများအား ကန့်ကွက်ပြစ်တင်ရှုတ်ချလိုက်ပါသည်။

၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် မဲခွဲဆုံးဖြတ်ရာ၌ ဗီတိုအာဏာသုံးပြီး ပယ်ချခဲ့ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အား လည်းကောင်း၊ ဆန့်ကျင်ကန့်ကွက်မဲပေးခဲ့သော တောင်အာဖရိကသမ္မတနိုင်ငံအားလည်းကောင်း မြန်မာပြည်သူများနှင့်အတူ အထူးဂုဏ်ပြုကျေးဇူးတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံလယ်ယာကိုင်းကျွန်းသီးနှံ စိုက်ပျိုးထုတ်လုပ်သူများအသင်း

ရက်စွဲ။ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၂၂ရက်
ရန်ကုန်မြို့။

✡ *စာမျက်နှာ ၆ မှ*

မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန် ကြိုးပမ်းအားထုတ်ပြီး လုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ပေးပါရန် အဆိုပြု ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်ကို ဆက်လက်တင်သွင်းခဲ့သည့် အမေရိကန်နှင့် ဗြိတိန်တို့၏ မမှန်ကန်သော တစ်ဖက်သတ်လုပ်ရပ်သည် အောင်မြင်မှုမရှိဘဲ ပျက်ပြားသွားခြင်းအတွက် ဤအသင်းနှင့်တကွ စီးပွားရေးအဖွဲ့အစည်းအသီးသီးနှင့် လုပ်ငန်းရှင်များက များစွာ နှစ်ထောင်းအားရဖြစ်မိပါကြောင်း ဖော်ပြပါသည်။

ယင်းသို့ အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ဖိအားပေးလုပ်ဆောင်မှုကို အမေရိကန်အစိုးရ၏ လုပ်ရပ်များနှင့်အတူ အတိုင်အဖောက်ညီညီ အချိန်ကိုက် လိုက်ပါလှုပ်ရှားထောက်ခံခဲ့ကြသော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများအား ကန့်ကွက်ပြစ်တင်ရှုတ်ချလိုက်ပါသည်။

၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် မဲခွဲဆုံးဖြတ်ရာ၌ ဗီတိုအာဏာသုံးပြီး ပယ်ချခဲ့ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အားလည်းကောင်း၊ ဆန့်ကျင်ကန့်ကွက်မဲပေးခဲ့သော တောင်အာဖရိကသမ္မတနိုင်ငံအားလည်းကောင်း၊ မြန်မာပြည်သူများနှင့်အတူ အထူးဂုဏ်ပြုကျေးဇူးတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း

ရက်စွဲ။ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်
ရန်ကုန်မြို့။

● *စာမျက်နှာ ၆ မှ*

ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် လုံခြုံရေးကောင်စီဝင်များက ဆုံးဖြတ်ရာတွင် မြန်မာနိုင်ငံရေးကိစ္စသည် ပြည်တွင်းရေးကိစ္စသာဖြစ်၍ ဒေသတွင်း နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်မှုမရှိသဖြင့် လုံခြုံရေးကောင်စီ အစီအစဉ်၏ ဆုံးဖြတ်ချက်မူကြမ်းကို ထည့်သွင်းရန်မသင့်ကြောင်း ဗီတိုအာဏာသုံးပြီး ပယ်ချခဲ့ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အားလည်းကောင်း၊ ဆန့်ကျင်ကန့်ကွက်မဲပေးခဲ့သော တောင်အာဖရိကသမ္မတနိုင်ငံအားလည်းကောင်း မြန်မာပြည်သူများနှင့်အတူ ဂုဏ်ပြုကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ထိုကဲ့သို့ မြန်မာနိုင်ငံရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစီအစဉ်တွင်ပါဝင်စေရန် အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့က ဖိအားပေး သိမ်းသွင်းလုပ်ဆောင်ခဲ့ပြီး မမှန်ကန်သောအကြောင်းပြချက်များနှင့် ဆုံးဖြတ်ချက်တင်သွင်းခြင်းကို ဤအသင်းအနေဖြင့် ကန့်ကွက်ရှုတ်ချပါကြောင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တွင်းရေးကိစ္စများအား တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဖြေရှင်းရမည့်အရေးသာ ဖြစ်ပါသည်ဟု ဤအသင်းက အခိုင်အမာယုံကြည်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံ စိုက်ပျိုးရေးအခြေခံ စားသောက်ကုန်
ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း

ရက်စွဲ။ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်

ဆုချီးမြှင့်

အမှတ်(၁၀) အခြေခံပညာ မူလတန်းကျောင်း မင်္ဂလာတောင်ညွန့်၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘ၊ ဆရာ ကျောင်းသား စုံညီပွဲတော်နှင့် ထူးချွန်ဆုပေးပွဲတွင် ပထမတန်းမှ ဆုရကျောင်းသားတစ်ဦးကို ကျောင်းအုပ်ဆရာကြီးက ဆုချီးမြှင့်စဉ်။ (က-ပ)

ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

ပုဂံ ညောင်ဦးမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂ နာရီခွဲတွင် ဗဟန်းမြို့နယ် ကြားတောရလမ်း ဓမ္မသုခကျောင်းတိုက် မှန်ကျောင်းရွှေနှင်းဆီဓမ္မဗိမာန်တော်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များအားလုံးနှင့် ရန်ကုန်ရောက် မြို့နယ်သူ မြို့နယ်သားများသည် ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားသည်။

အသင်းဝင်မိသားစုများမှ အသက်(၇၅)နှစ်ပြည့်ပြီးသော အဘိုး အဘွားများနှင့် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများ၏ အမည်စာရင်းများနှင့်အထောက်အထားအမှတ်စာရင်းများကို နာယက ဦးဘစော ဖုန်း-၂၀၁၄၆၈၊ ဥက္ကဋ္ဌ ဦးသိန်းအောင် ဖုန်း-၅၇၇၇၀၂၊ ၀၉-၅၁-၆၀၂၈၅၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းမောင် ဖုန်း-၅၇၉၁၁၈၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်သန်း ဖုန်း-၀၉-၈၀-၂၂၇၄၄၊ ၅၄၉၉၄၈၊ အတွင်းရေးမှူး ဦးသောင်းညွန့် ဖုန်း-၅၅၉၀၆၆၊ ၀၉-၅၁-၃၂၃၆၉ နှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဦးဖိုးချို (ညောင်ဦးဖိုးချို) ဖုန်း-၅၄၅၃၂၃ တို့သို့ ပေးပို့ကြရန်နှင့် အလှူငွေများ ထည့်ဝင်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

သဘာပတိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေးတွင် နိဂုံးချုပ် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

*** ကျောဖုံးမှ**

ထို့နောက် ပြည်နယ်/တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယကများနှင့် ဥက္ကဋ္ဌများက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးအတွက် အလှူငွေကျပ်တစ်သိန်းစီကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးမြင့်နှင့် ဒေါ်ခင်သက်ဌေးတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ဒုတိယနေ့အစီအစဉ်

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေး ဒုတိယနေ့ အစီအစဉ်များကို နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးအဖွဲ့ဝင် ဒေါ်ခင်မိုးဥကဆောင်ရွက်သည်။

ဆွေးနွေးအကြံပြု

ထို့နောက် ပြည်နယ်/တိုင်း အမျိုးသမီးရေးရာအဖွဲ့များက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုဆွေးနွေးတင်ပြကြရာ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းကလည်းကောင်း၊ မန္တလေးတိုင်း အမျိုးသမီးရေးရာ အဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ကြေးမုံဦးကလည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူကလည်းကောင်း၊ ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ရီရီအောင်ကလည်းကောင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပြည်နယ်/တိုင်း အမျိုးသမီးရေးရာအဖွဲ့များသို့ အသေးစား မတည်ရင်းနှီးငွေ (ယာယီချေးငွေ) (Micro Credit Scheme) လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မတည်ပံ့ပိုးပေးခဲ့သော အရင်းမပျောက်ရန်ပုံငွေများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို ခြုံငုံသုံးသပ်ဆွေးနွေးအကြံပြုသည်။

ဆက်လက်၍ သဘာပတိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌများ၏ တင်ပြချက် အစီရင်ခံစာနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ပြန်လည်သုံးသပ် ခြုံငုံဆွေးနွေးပြီး ယခင်နှစ်က ချမှတ်ခဲ့သော ရှေ့လုပ်ငန်းစဉ်နှင့် အဖွဲ့ချုပ်၏ ရည်ရွယ်ချက်(၇)ရပ်အပေါ် ၂၀၀၆ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများကို သုံးသပ်ဆွေးနွေးသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့တွင် သဘာပတိအဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့် အရင်းမပျောက် ရန်ပုံငွေများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေကို ခြုံငုံသုံးသပ် ဆွေးနွေးအကြံပြုစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်ထံ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကများနှင့် ဥက္ကဋ္ဌများက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေးအတွက် အလှူငွေကျပ် တစ်သိန်းစီကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မာထွန်း အစုအဖွဲ့လေးဖွဲ့တို့၏ ထောက်ခံဆွေးနွေးတင်ပြ ချက်များကို အစည်းအဝေး တက်ရောက်ကြသူများ၏ သဘောတူညီမှုနှင့် အညီ အတည်ပြုတင်ပြစဉ်။ (သတင်းစဉ်)

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးများအဖွဲ့၊ ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ဒေသစည်းရုံးရေးမှူးများနှင့် ပြည်နယ်၊တိုင်းအမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များက ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လေ့လာသုံးသပ်ရေးအဖွဲ့၊ ဘဝလုံခြုံရေးဆိုင်ရာ လေ့လာသုံးသပ်ရေးအဖွဲ့၊ လူမှုစီးပွားမြှင့်တင်ရေးဆိုင်ရာ လေ့လာသုံးသပ်ရေးအဖွဲ့နှင့် စည်းရုံးရေးဆိုင်ရာ လေ့လာသုံးသပ်ရေးအဖွဲ့ ဖွဲ့၍ အစုအဖွဲ့လိုက် ဆွေးနွေးကြသည်။

ယင်းနောက် နှစ်ပတ်လည်အစည်းအဝေး မွန်းလွဲပိုင်း အစီအစဉ်များကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အတွင်းရေးမှူး အဖွဲ့ဝင် ဒေါ်စန္ဒာခင်က ဆောင်ရွက်သည်။

ဆက်လက်၍ အစုအဖွဲ့လေးဖွဲ့တို့က ချမှတ်သင့်သောရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အစုအဖွဲ့ကိုယ်စားလှယ်များက အသီးသီး ထောက်ခံဆွေးနွေးတင်ပြကြသည်။

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ကြေးမုံဦး ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အတည်ပြု

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာဒေါ်ခင်မာထွန်းက အစုအဖွဲ့လေးဖွဲ့တို့က ထောက်ခံဆွေးနွေးတင်ပြချက်များအရ ရှေ့လုပ်ငန်းစဉ်(၉)ရပ် မှတ်တမ်းတင်ခြင်း သုံးရပ်၊ ဆွေးနွေးဆုံးဖြတ်ခြင်း သုံးရပ်တို့ကို အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ သဘောတူညီမှုနှင့်အညီ အတည်ပြုတင်ပြရာ သဘာပတိက အတည်ပြုသည်။

ယင်းနောက် သဘာပတိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က သုံးသပ်ချက်များ၊ အကြံပြုချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ ညနေပိုင်းတွင် နှစ်ပတ်လည် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူ ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ခုနှစ် တပို့တွဲလဆန်း ၈ ရက် (ဥပုသ်နေ့)

၂၅-၁-၂၀၀၇ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးတော်ရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး

၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက

၈:၀၅ ၆။ အဆိုပြိုင်ပွဲ

၈:၁၀ ၇။ အကပဒေသာ

၈:၂၀ ၈။ ရွှေလီတံတား

၈:၃၀ ၉။ International News

၈:၄၅ ၁၀။ Let's Go

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၄:၅၀ ၁။ **(၅၂)ကြိမ်မြောက် ပြည်ထောင်စုဒိုင်း ပြည်နယ်နှင့်တိုင်း အမျိုးသား (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဒုတိယအကြိုဗိုလ်လုပွဲ)**

၁၆:၄၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၇:၀၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]

၁၇:၁၅ ၄။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၁၇:၂၅ ၅။ **"ဟွန်းသံ"** (ဇရာနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ) (ဒါရိုက်တာ-သက်တင်)

၁၇:၃၀ ၆။ တေးဂီတအစီအစဉ်

၁၇:၄၅ ၇။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ

၁၈:၀၀ ၈။ ညနေခင်းသတင်း

၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ

၁၈:၃၅ ၁၀။ သီရိဂေဟာ

၁၉:၀၀ ၁၁။ Discovery.

၁၉:၁၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၁၆)

၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း

၁၄။ နိုင်ငံတကာသတင်းများ

၁၅။ မိုးလေဝသအခြေအနေ

၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အကြင်နာနွေဦး"** (အပိုင်း-၆)

၁၇။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

၁၈။ နောက်တစ်နေ့အစီအစဉ်

၁၉။ အစီအစဉ်ပြီး၏။

အခြေခံနှင့်အဆင့်မြင့်ပန်းအလှပြင်သင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းက ကြီးမှူး၍ အခြေခံပန်းအလှပြုပြင်မှုသင်တန်းအမှတ်စဉ် (၁/၂၀၀၇) ကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၁ ရက်အထိလည်းကောင်း၊ အမှတ်စဉ် (၂/၂၀၀၇) ကို မတ် ၅ ရက်မှ ၁၃ ရက်အထိလည်းကောင်း၊ အဆင့်မြင့်ပန်းအလှပြုပြင်မှုသင်တန်းအမှတ်စဉ် (၁/၂၀၀၇) ကို မတ် ၁၅ ရက်မှ ၂၆ ရက်အထိလည်းကောင်း၊ အခြေခံသင်တန်းဆင်ပြီးသူများဖြင့်လည်းကောင်း ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမဆောင်၌ သင်တန်းသားသင်တန်းသူ ၅၀ ဖြင့် ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးများအဖြစ် ဝန်ထမ်းများနှင့် အသင်းဝင်များအတွက် အခြေခံသင်တန်းတွင် ကျပ် ၄၀၀၀၊ အဆင့်မြင့်သင်တန်းအတွက် ကျပ် ၇၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် အခြေခံသင်တန်းတွင် ကျပ်၅၀၀၀၊ အဆင့်မြင့်သင်တန်းတွင် ကျပ် ၈၀၀၀ သတ်မှတ်ထားသည်။ သင်တန်းချိန်မှာ အခြေခံသင်တန်းကို မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီ၊ အဆင့်မြင့်သင်တန်းကို မွန်းလွဲ၁ နာရီမှ ညနေ ၄ နာရီအထိ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး ဖုန်း-၃၇၉၃၆၁ သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်း သိရသည်။

(၁၀၈)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ရှေ့လုပ်ငန်းစဉ်(၉)ရပ်၊ မှတ်တမ်းတင်ခြင်း(၃)ရပ်နှင့် ဆွေးနွေးဆုံးဖြတ်ခြင်း(၃)ရပ် ချမှတ်

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၃ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပခဲ့ရာ ယင်းနှစ်ပတ်လည်အစည်းအဝေးက ရှေ့လုပ်ငန်းစဉ်(၉)ရပ်၊ မှတ်တမ်းတင်ခြင်း(၃)ရပ်နှင့် ဆွေးနွေးဆုံးဖြတ်ခြင်း(၃)ရပ်တို့ကို ချမှတ်ခဲ့သည်။

ယင်းသို့ ချမှတ်ခဲ့ရာတွင်–

ရှေ့လုပ်ငန်းစဉ်(၉)ရပ်မှာ–

၁။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို အမျိုးသမီးထုစွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်တိုက်ဖျက်ရန်။

၂။ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေ အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန်။

၃။ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး၊ ပညာရည်မြင့်မားရေး၊ တိုင်းရင်းသားယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသမီးထုတစ်ရပ်လုံး၏စွမ်းအားဖြင့် ပါဝင်ဆောင်ရွက်ရန်။

၄။ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုကြိုတင်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာ အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

၅။ အမျိုးသမီးများအတွက် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုနည်းပညာများ ဖြန့်ဖြူးရေးနှင့် လုပ်ငန်းထူထောင်ရေးအတွက် မတည်ရင်းနှီးငွေရရှိရေး စီမံဆောင်ရွက်ပေးရန်။

၆။ ဝင်ငွေထိန်းသိမ်းရေးအတွက် ခြိုးခြံချွေတာရေးနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ရန်အတွက် စည်းရုံးပညာပေးရန်။

၇။ စည်းရုံးရေးဆောင်ရွက်ရာတွင် နယ်မြေအလိုက်သာမက လူတန်းစားအလွှာအလိုက် စည်းရုံးဆောင်ရွက်ရန်။

၈။ အနာဂတ်မျိုးဆက်သစ်များဖြစ်သည့် အမျိုးသမီးငယ်/ရွယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးရန်နှင့်

၉။ အမျိုးသမီးရေးရာအဖွဲ့အဆင့်ဆင့်၏ ကဏ္ဍအလိုက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်ထက်မြက်စေရန်အတွက် စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်ပေးရန်တို့ဖြစ်သည်။

မှတ်တမ်းတင်ခြင်း (၃)ရပ်မှာ–

၁။ အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁၇ရက်နေ့တွင် သဘောထား ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ခြင်း။

၂။ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်ခင်မိမိအား ဗဟိုအလုပ်အမှုဆောင်အဖြစ် ဖွဲ့စည်းခြင်းနှင့်

၃။ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ဇနီး ဒေါ်စိုးဝတ်ရည်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ဇနီး ဒေါ်သီတာဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဇနီး ဒေါ်ဝေဝေတို့အား ဒေသစည်းရုံးရေးမှူးများအဖြစ် ဖွဲ့စည်းခြင်းတို့ဖြစ်သည်။

ဆွေးနွေးဆုံးဖြတ်ခြင်း (၃)ရပ်မှာ–

၁။ ချမှတ်ထားသော စည်းရုံးရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဝလုံခြုံရေး၊ လူမှုစီးပွားမြှင့်တင်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ် (၉)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်

၂။ အဖွဲ့ချုပ်မှ မတည်ထောက်ပံ့ထားသော ရန်ပုံငွေများကို ပြည်နယ်၊ တိုင်းများတွင် အမှန်တကယ်လိုအပ်သော အမျိုးသမီးများအား မိသားစုဝင်ငွေတိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် အသေးစား မတည်ရင်းနှီးငွေ(ယာယီချေးငွေ) အစီအစဉ်ကို သင့်တော်သည့် မြို့နယ်တွင် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့်

၃။ ခရိုင်အမျိုးသမီးရေးရာအဖွဲ့များတွင် နာယကအဖြစ် ထည့်သွင်းဖွဲ့စည်းခြင်း မပြုတော့ရန်တို့ဖြစ်သည်။

(သတင်းစဉ်)

* ရှေ့ဖုံးမှ

ဖူးမြော်ကြည်ညို

ညနေပိုင်းတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယ ဥက္ကဋ္ဌ မစ္စတာလီထယ်ရင်းဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်မြတ်အား သွားရောက်ဖူးမြော် ကြည်ညိုကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုသည်။

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်းက မဟာမုနိရုပ်ရှင်တော်မြတ်အား ဖူးမြော် ကြည်ညိုကာ ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်းသည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး အလှူငွေများပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူ၍ သာဓုအနုမောဒနာ ချီးကျူးဂုဏ်ပြုလွှာနှင့် မဟာမုနိရုပ်ရှင်တော်မြတ်၏ ပုံတော်တို့ကို ပြန်လည်ပေးအပ်သည်။

ထိုမှတစ်ဆင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယ ဥက္ကဋ္ဌမစ္စတာလီထယ်ရင်းနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပဋ္ဌမ သင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်ဘုရားအား သွားရောက်ဖူးမြော် ကြည်ညိုကြရာ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်းသည် အာရုံခံ တန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ဆီမီး၊ ရေချမ်းနှင့် နံ့သာများ ဆက်ကပ်လှူဒါန်းပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ယင်းနောက်တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်းအား ပဋ္ဌမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်ဘုရား ပရဝဏ် အတွင်းရှိ ကျောက်စာချပ် ၇၂၉ချပ်ကို ရိုက်ကူးထားသည့် CDခွေကို ဂေါပကအဖွဲ့ဝင်များက ပေးအပ်လှူဒါန်းသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်းနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ကုသိုလ်တော်ဘုရားအား လက်ယာရစ် လှည့်လည်ဖူးမြော် ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယ ဥက္ကဋ္ဌမစ္စတာလီထယ်ရင်းနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မန္တလေးတောင်တော်သို့ သွားရောက်၍ ဆုတောင်းပြည့် မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ဆီမီး၊ ရေချမ်းနှင့် နံ့သာများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မန္တလေးမြို့၏ နေဝင်ချိန်ဆည်းဆာအလှကို မန္တလေးတောင်တော်ပေါ်မှ ကြည့်ရှုလေ့လာကြသည်။

ယင်းနောက်တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်းသည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ ကွန်ဂရက်အမြဲတမ်းကော်မတီ ဒုတိယ ဥက္ကဋ္ဌမစ္စတာလီထယ်ရင်းနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား မန္တလေး နန်းမြို့ရှိ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဧည့်ရိပ်သာ မြက်ခင်းပြင်၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ကြည့်ရှုလေ့လာ

မန္တလေးမြို့၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက် အမြဲတမ်း ကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်းနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မန္တလေး နန်းမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်သို့ သွားရောက် ကြည့်ရှုလေ့လာကြရာ ရှေးဟောင်း သုတေသန ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်း၊ ညွှန်ကြားရေးမှူး ဦးမိုးကျော်ကျော်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး မြနန်းစံကျော် ရွှေနန်းတော်အတွင်း လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်းသည် မြနန်းစံကျော် ရွှေနန်းတော် ယဉ်ကျေးမှု ပြတိုက် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ထိုမှတစ်ဆင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ ကွန်ဂရက်အမြဲတမ်းကော်မတီ ဒုတိယ ဥက္ကဋ္ဌမစ္စတာလီထယ်ရင်းနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြပြီး လေဆိပ်ဧည့်ခန်းမ၌ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က မန္တလေးမြို့ ခရီးစဉ်မှတ်တမ်းတင် ဓာတ်ပုံအယ်လ်ဘမ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ လီထယ်ရင်းအား ပေးအပ်သည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာလီထယ်ရင်းနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် မန္တလေးမြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တပ်မတော် အရာရှိကြီးများ၊ မန္တလေးမြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Mr. Duan Zhi Quan နှင့်ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ မန္တလေးမြို့ရှိ တရုတ်အမျိုးသားများက မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြသည်။

ရန်ကုန်မြို့သို့ရောက်ရှိ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ လီထယ်ရင်းဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မန္တလေးမြို့တွင် ချစ်ကြည်ရေးခရီး လည်ပတ်ပြီး ယနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ဧည့်သည်တော် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ ကွန်ဂရက်အမြဲတမ်းကော်မတီ ဒုတိယ ဥက္ကဋ္ဌ မစ္စတာလီထယ်ရင်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးဦးဌေးဦး၊ ဗဟိုအလုပ်အမှုဆောင် ဦးမောင်ပါ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကွမ်မုနှင့် သံရုံးဝန်ထမ်းများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ကျောက်မျက်ပြတိုက်လေ့လာ

မွန်းလွဲပိုင်းတွင် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ လီထယ်ရင်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရွှေတိဂုံစေတီဖူးမြော်

ထို့နောက် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ လီထယ်ရင်း ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် လေးဆူ ဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ရောက်ရှိကြပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဧည့်ခံတန်ဆောင်း၌ ပန်း၊ ဆီမီး၊ ရေချမ်းနှင့် အမွှေးတိုင်တို့ဖြင့် ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် ဧည့်သည်တော် မစ္စတာလီထယ်ရင်းနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံပြီး အနုမောဒနာဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဧည့်သည်တော် မစ္စတာလီထယ်ရင်းသည် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ကြည်ညိုကြကာ သာသနိက အဆောက်အအုံများအား ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၂၄

သစ်တောရေးရာဝန်ကြီးဌာန ပြည်နယ်နှင့်တိုင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၂ရက်နှင့် ၂၃ရက်တို့တွင် နေပြည်တော်ရှိ သစ်တောသုတေသနခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် သစ်တောဦးစီးဌာန ပြည်နယ်နှင့်တိုင်း တာဝန်ခံများ၊ မြန်မာ့သစ်လုပ်ငန်းပြည်နယ်နှင့်တိုင်းတာဝန်ခံများနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန တိုင်းတာဝန်ခံတို့က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသန်းဆွေ၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနှင့် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းတို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

မှာကြား

ယင်းနောက် ဝန်ကြီးက နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များ၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်များကို အောင်မြင်အောင်ဆောင်ရွက်ရေး၊ လာဘ်ပေးလာဘ်ယူကိစ္စများ ပပျောက်အောင် ဆောင်ရွက်ရေး၊ တရားမဝင် သစ်ခိုးထုတ်မှုများ တားဆီးကာကွယ်ရေးနှင့် စိုက်ခင်းများ အောင်မြင်စေရေးကိစ္စများကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဲအင်းဂူ ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်တိုင်း တောင်ဥက္ကလာပ မြို့နယ် အမှတ်(၅)ရပ်ကွက် အမှတ်(၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူ ကမ္မဋ္ဌာန်းကျောင်းတွင် ကျေးဇူးတော်ရှင် မူလသဲအင်းဂူ ဆရာတော်ကြီး၏ တပည့်ဖြစ်သော အရှင်ပဏ္ဍာဝံသ (မိဂလုံ)ဆရာတော်က ခန္ဓာကိုယ်တွေ့ သမထဝိပဿနာ တရားတော်များကို ဖေဖော်ဝါရီ ၁ရက်မှ ၇ရက်အထိ အဓိဋ္ဌာန် ခုနစ်ရက်တရားစခန်းဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်သူများအား အကျိုးတော်ဆောင်အဖွဲ့မှ အခမဲ့အာဟာရဒါန ကျွေးမွေး လှူဒါန်းမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဇန်နဝါရီ ၃၁ ရက် ညနေအရောက် ကြွရောက်ကြရန် နှိုးဆော်ထားသည်။ **(က–ပ)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၇ခုနှစ် ဇန်နဝါရီလအတွက်နောက်ဆုံးပတ် (တနင်္ဂနွေနေ့)
(၂၈–၁–၂၀၀၇)ရက်

၂၀၀၇ခုနှစ် ဖေဖော်ဝါရီလအတွက်
(၁၁–၂–၂၀၀၇)ရက်နေ့
နှင့်
(၂၅–၂–၂၀၀၇)ရက်နေ့

မြန်မာနိုင်ငံကြက်ခြေနီအသင်း

အကြိမ် (၆၀)မြောက် ဗဟိုကောင်စီ အစည်းအဝေး

၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်မှ ၈ ရက်

သူနာပြုတက္ကသိုလ် (အောက်မြန်မာပြည်)
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့။

အမိနိုင်ငံတော်အတွက် အရိုးကြေကြေ အရေခန်းခန်း တာဝန်ထမ်းမည့်

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်း သွေးချင်းမောင်မယ်များ

သမီးလေးမိုင်စန္ဒာမင်း–

သမီးလေးတစ်ယောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) လေးနှစ်သင်တန်း အမှတ်စဉ်(၃၈)မှာ သွေးချင်းမောင်နှမတွေနဲ့အတူ လေးနှစ်တာ ပညာသင်ကြားမှု အောင်မြင်ပြီးမြောက်ခဲ့လို့ မကြာမီကာလအတောအတွင်း နိုင်ငံတော်အကြီးအကဲရဲ့ ဩဝါဒလမ်းညွှန်မှုများကို ခံယူဖို့အတွက် နေပြည်တော်ကို လေ့လာရေးခရီးစဉ် လာရောက်ကြမယ်လို့ သိရပါတယ်။

သမီးလေးအနေနဲ့ ဝေးလံသီခေါင်တဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ်တောင်ပေါ်ကျေးရွာလေးကနေပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (ဘီအီးဒီ)လေးနှစ်သင်တန်းအမှတ်စဉ်(၃၈)မှာ တက်ရောက် သင်ကြားခွင့်ရခဲ့တာဟာ အင်မတန်ကုသိုလ်ထူးတယ်လို့ ဆိုရမှာပါ။ အသက်၁၆နှစ်မှ ၂၄နှစ်အကြား ၁၀တန်းအောင်ပြီးတဲ့ ဒေသခံ တိုင်းရင်းသား လူငယ်မောင်မယ်များ ဖြစ်ရမယ်၊ ပါတီနိုင်ငံရေးကင်းရှင်းသူ ဖြစ်ရမယ်၊ မိဘနှစ်ပါးစလုံး ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးများ ဖြစ်ရမယ်ဆိုတဲ့ သတ်မှတ်ချက်များနဲ့ကိုက်ညီပြီး ဖွံ့ဖြိုးရေးတက္ကသိုလ် ဝင်ခွင့်စာမေးပွဲအဆင့်ဆင့်ကို အောင်မြင်စွာဖြေဆိုနိုင်ခဲ့လို့ သမီးအနေနဲ့ ဖွံ့ဖြိုးရေးတက္ကသိုလ် (ဘီအီးဒီ)လေးနှစ်သင်တန်း အမှတ်စဉ်(၃၈)မှာ တက်ရောက်သင်ကြားခွင့်ရခဲ့တယ်မဟုတ်လား။ သင်တန်းဆင်းပြီးရင် ရွာကျောင်းမှာ အမှန်တကယ်လိုအပ်နေတဲ့ ဆရာမကွက်လပ်ကို သမီးလေးက ဖြည့်ပေးနိုင်တော့မှာမို့ သမီးလေးအနေနဲ့ အင်မတန်ကုသိုလ်ထူးပြီး မွန်မြတ်ဖြူစင်တဲ့အလုပ်ကို လုပ်ကိုင်ခွင့် ရရှိတော့မှာဖြစ်ပါတယ်။

ဖွံ့ဖြိုးရေးတက္ကသိုလ်ရဲ့ လေးနှစ်တာ သင်တန်းကာလအတွင်းမှာ သမီးတို့ကို အမိဖွံ့ဖြိုးရေးတက္ကသိုလ်က ဒေါင်ဒေါင်မြည် လေ့ကျင့်သင်ကြားပေးလိုက်တဲ့အတွက် သင်တန်းလေးနှစ်ပြီးဆုံးချိန်မှာတော့ သမီးတို့ သင်တန်းသူသင်တန်းသားတွေဟာ အမိနိုင်ငံတော်အတွက် အရိုးကြေကြေ အရေခန်းခန်း ဦးလည်မသုန် တာဝန်ထမ်းမယ့် သားကောင်းသမီးမွန်တွေ ဖြစ်နေကြပြီ။ သင်တန်းကာလလေးနှစ်အတွင်း သမီးတို့အနေနဲ့ အမိဖွံ့ဖြိုးရေးတက္ကသိုလ်မှာ B.Ed ဘွဲ့နဲ့သက်ဆိုင်တဲ့ စာပေပညာရပ်များအပြင် အခြေခံစစ်ပညာ၊ မီးသတ်ပညာ၊ ကြက်ခြေနီသူနာပြုပညာ၊ ပန်းချီအနုပညာ၊ အိမ်တွင်းမှု၊ စိုက်ပျိုးမွေးမြူရေးနဲ့ အထူးဖွံ့ဖြိုးရေးဘာသာရပ်များ၊ တိုင်းရင်းသားတွေရဲ့ ဘာသာစကားနဲ့ ဓလေ့ထုံးစံတို့ကိုပါ နည်းစနစ်ကျကျ လေ့ကျင့်သင်ကြားခဲ့ကြရတယ်။ အရေးကြုံရင် သက်လုံကောင်းစေဖို့အတွက် မြန်မာ့ရိုးရာသိုင်းပညာကိုပါ နည်းစနစ်ကျကျ လေ့ကျင့်သင်ယူခဲ့ကြရတယ်။

ဖွံ့ဖြိုးရေးတက္ကသိုလ်မှာ လေးနှစ်သင်တန်းပြီးလို့ သင်တန်းဆင်းလာကြတဲ့ သင်တန်းသူ သင်တန်းသားတွေဟာ ဘက်စုံနားလည်တတ်ကျွမ်းတဲ့ ဒေါင်ဒေါင်မြည်တွေ ဖြစ်နေကြပြီး ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်းတွေဟာ ပညာရေးဝန်ထမ်းကောင်းများ သာမက မိမိတို့တာဝန်ကျရာဒေသက ဒေသခံပြည်သူတွေရဲ့ ကျန်းမာရေး၊ လူမှုရေး၊ စိုက်ပျိုးမွေးမြူရေးကအစ ကဏ္ဍစုံမှာ ဦးဆောင်မှုပေးနိုင်စွမ်းရှိတဲ့ ဖွံ့ဖြိုးရေးခေါင်းဆောင်ငယ်များလည်း ဖြစ်ကြပါတယ်။ ဒါနဲ့ပတ်သက်ပြီး ၂၈–၁–၂၀၀၅ ရက်နေ့က နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဂါရဝပြုပြီး ဩဝါဒခံယူခဲ့ကြစဉ်က နိုင်ငံတော်အကြီးအကဲက ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) လေးနှစ်သင်တန်း အမှတ်စဉ်(၃၆)သင်တန်းသူ၊ သင်တန်းသားများကို–

> **"စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဒေသဖွံ့ဖြိုးရေးနဲ့ အသက်မွေးဝမ်းကျောင်း အတတ်ပညာတွေကို ထပ်ဆင့် ဖြန့်ဖြူးနိုင်စေရအောင် မောင်တို့မယ်တို့ကို အမိဖွံ့ဖြိုးရေးတက္ကသိုလ်ကြီးက လေ့ကျင့်ပျိုးထောင်ပေးခဲ့ပြီးဖြစ်တယ်။ ဒါကြောင့် အမိဖွံ့ဖြိုးရေးတက္ကသိုလ်က မွေးထုတ်ပေးလိုက်တဲ့ မောင်တို့မယ်တို့ဟာ ပညာရေးဝန်ထမ်းများဖြစ်သော်လည်း အခြားသော ပညာရေးဝန်ထမ်း ဆရာ ဆရာမများနဲ့ သဘောသဘာဝချင်း မတူညီဘူးဆိုတာကို မောင်တို့မယ်တို့အားလုံးက လေးလေးနက်နက် သဘောပေါက် ခံယူထားကြရန်လိုတယ်။**
>
> **မောင်တို့မယ်တို့ကို နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်ပယ်ကဏ္ဍစုံမှာ လက်တွေ့ ပါဝင်ဆောင်ရွက်နိုင်အောင် လေ့ကျင့်ပေးထားပြီးဖြစ်တာနဲ့အညီ အဲ့ဒီ ဖွံ့ဖြိုးရေးလုပ်ငန်း တာဝန်တွေကို နယ်ပယ်ကဏ္ဍမရွေး တက်တက်ကြွကြွ ဦးဆောင်စည်းရုံး ပါဝင်ကြိုးပမ်း ဆောင်ရွက်သွားကြဖို့ တတိယအချက်အနေနဲ့ မှာကြားလိုတယ်"**

လို့ မိန့်ကြားလမ်းညွှန်ခဲ့တယ်။

နိုင်ငံတော်အကြီးအကဲက သမီးတို့ ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်း မောင်မယ်တွေ လိုက်နာဆောင်ရွက်ကြရမယ့် လုပ်ငန်းတာဝန်များကို အလေးအနက် လမ်းညွှန်သွားခဲ့တာပါပဲ။ အဲ့ဒီလမ်းညွှန်မှုတွေဟာ သမီးတို့ ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်းတွေအတွက် ဘဝလမ်းညွှန်၊ လုပ်ငန်းလမ်းညွှန်တွေပါပဲ သမီး။

သမီးတို့ **ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်းတွေဟာ ပညာရေးဝန်ထမ်းကောင်းတွေ၊ ဒေသဖွံ့ဖြိုးရေးခေါင်းဆောင်ငယ်တွေ ဖြစ်ကြရုံသာမက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအတွက်လည်း အမာခံများ ဖြစ်**ကြပါတယ်။ **အသင်းကြီးခိုင်မာတိုးတက်သည်ထက် တိုးတက်အောင်၊ အသင်းကြီးရဲ့ ရည်ရွယ်ချက်တွေ အကောင်အထည် ပေါ်လာအောင် သမီးတို့ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်းတွေက ကျရာတာဝန်ယူပြီး ဦးလည်မသုန် ဆောင်ရွက်သွား**ကြရမှာ ဖြစ်ပါတယ်။

သမီးတို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကြီးဟာ နိုင်ငံတော်ရဲ့ အမျိုးသားရေးလိုအပ်ချက်အရ ပေါ်ပေါက်လာတဲ့ ထူးခြားသော ဂုဏ်ထူးဝိသေသများနဲ့ပြည့်စုံသော တိုင်းရင်းသားတက္ကသိုလ်ကြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်ရဲ့ တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၁၀၀ ကျော်ဟာ နိုင်ငံတော်တစ်နံတစ်လျား တောင်ပေါ်မြေပြန့် ဒေသအနှံ့မှာ ပျံ့နှံ့နေထိုင်လျက် ရှိကြပါတယ်။

ကျော်မင်းခေါင်

တချို့သော တိုင်းရင်းသားတွေရဲ့ ဒေသတွေဟာ အင်မတန်မှ ဝေးလံသီခေါင်ပြီး နယ်စွန်နယ်ဖျားကျတယ်။ ဖွံ့ဖြိုးတိုးတက်မှုနည်းပါးတယ်။ ပညာသင်ကြားရေးအတွက် ဆရာ၊ ဆရာမရှားပါးတယ်။ အမိနိုင်ငံတော်ရဲ့ အစွန်အဖျားကျတဲ့ တောင်ပေါ်ကျေးလက်ဒေသတွေက ဒေသခံ သွေးချင်းတွေရဲ့ လူမှုဘဝတိုးတက်ရေးနဲ့ ရင်သွေးငယ်များ ပညာသင်ကြားတတ်မြောက်ရေးတို့အတွက် စွမ်းစွမ်းတမံ ရှပ်ရှပ်ချွံချွံ ဆောင်ရွက်မယ့် သားကောင်း၊ သမီးမွန်များ ပျိုးထောင်မွေးထုတ်ပေးဖို့အတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို နိုင်ငံတော်ကတည်ထောင်ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ရဲ့အနှစ်သာရ၊ အသွင်သဏ္ဌာန်နဲ့စပ်လျဉ်းပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပုံမှန် သင်တန်းအမှတ်စဉ်(၂၅) နောက်ဆုံးနှစ် သင်တန်းသူ၊ သင်တန်းသားများက နိုင်ငံတော်အကြီးအကဲအား တွေ့ဆုံဂါရဝပြုပွဲ အခမ်းအနားမှာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

> **"နယ်စပ်ဒေသတစ်လျှောက်မှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ ဖွံ့ဖြိုးရေး၊ ပညာရေးတိုးတက်ဖို့အတွက် ဘယ်လိုလုပ်ကြမလဲ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ဆိုတာ ဒီကွက်လပ်ကို ဖြည့်ဆည်းဖို့ တာဝန်ယူပြီး ဆောင်ရွက်ပေးမယ့် တက္ကသိုလ်ကြီးဖြစ်တယ်။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် အလွန်မြင့်မြတ်တဲ့ ရည်ရွယ်ချက်ကို ဖြည့်ဆည်းပေးမယ့် တက္ကသိုလ်ကြီးဖြစ်တယ်"**

လို့ ရှင်းလင်းမိန့်ကြားသွားခဲ့တယ်။

သမီးလေးတို့ရဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ဟာ ၁၉၆၄ခုနှစ် အောက်တိုဘာလ ၂၀ရက်နေ့မှာ စစ်ကိုင်းမြို့ မြေဝတီရပ်မှာ သိပ္ပံအဆင့်နဲ့ စတင်သန္ဓေတည်ခဲ့တယ်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို စတင်ဖွင့်လှစ်စဉ်က စစ်ကိုင်းတိုင်း တိုင်းမင်းကြီး နေအိမ်အဆောက်အအုံနဲ့ တိုင်းပညာရေးဝန်ရုံး အဆောက်အအုံတွေကို ဖွံ့ဖြိုးရေးသိပ္ပံ သင်တန်းသူ သင်တန်းသားများရဲ့ အိပ်ဆောင်များနဲ့ စာသင်ဆောင်များအဖြစ် အသုံးပြုခဲ့တယ်။ ၁၉၆၈ခုနှစ် ဩဂုတ်လ ၁၄ရက်နေ့မှာတော့ ဖွံ့ဖြိုးရေးသိပ္ပံကို စစ်ကိုင်းမြို့မှ ၂၂မိုင်ကွာဝေးတဲ့ ဓမ္မဝတီမြို့ဟောင်း(ရွာသစ်ကြီးကျေးရွာ)သို့ ပြောင်းရွှေ့ခဲ့တယ်။ ၁၀–၅–၉၁ ရက်နေ့မှာ ဥပဒေအမှတ် (၉/၉၁)နဲ့ ဖွံ့ဖြိုးရေးသိပ္ပံကို တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ခဲ့ပြီး ၁၀–၆–၉၁ ရက် နေ့မှာတော့ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို စတင်ဖွင့်လှစ်ခဲ့တယ်။ တက္ကသိုလ်အဆင့်သို့ တိုးမြှင့်လိုက်တဲ့အတွက် ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်းတွေအနေနဲ့ ဒေသခံပြည်သူတွေရဲ့ အကျိုးကို အရည်အချင်း ပိုမိုပြည့်ဝစွာနဲ့ ထိရောက်အောင်မြင်စွာ ထမ်းဆောင်လာနိုင်ခဲ့တယ်။ ဒီနေ့ကာလမှာတော့ ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်း ဆရာ၊ဆရာမတွေဟာ နိုင်ငံတော် တစ်နံတစ်လျား တောင်ပေါ်မြေပြန့်ဒေသ အနှံ့အပြားမှာ တစ်ဖက်က ပညာရေးတာဝန်ထမ်းဆောင်ရင်း တစ်ဖက်မှာတော့ မိမိတို့တာဝန်ကျရာ ဒေသအသီးသီးရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးခေါင်းဆောင်ငယ်များအဖြစ်နဲ့ ဦးဆောင်ဦးရွက်ပြုနေကြပါပြီ။

သမီးလေးတို့ရဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ (ဘီအီးဒီ) လေးနှစ်သင်တန်း အမှတ်စဉ်(၃၈)က သင်တန်းသူ၊ သင်တန်းသားတွေဟာ နေပြည်တော်ကို လေ့လာရေးခရီးစဉ် လာရောက်ပြီး နိုင်ငံတော်အကြီးအကဲရဲ့ ဩဝါဒကို ခံယူကြပြီးနောက် ဖွံ့ဖြိုးရေးတက္ကသိုလ်မှာ (ဘီအီးဒီ)ဘွဲ့ အပ်နှင်းခြင်းကို ခံယူကြရတော့မယ်။ တစ်ပြိုင်တည်းမှာပဲ ပညာရေးဝန်ထမ်းများအဖြစ် ခန့်ထားတာဝန်ပေးအပ်ခြင်းကိုပါ ခံယူရရှိကြတော့မယ်။ **ဘီအီးဒီဘွဲ့ရ ပညာရေးဝန်ထမ်းများအဖြစ်နဲ့ နိုင်ငံအနှံ့၊ နယ်စွန်နယ်ဖျား၊ တောင်ပေါ်ကျေးလက်၊ မြေပြန့်မကျန် သမီးတို့သင်တန်းဆင်းတွေဟာ ဖြန့်ခွဲတာဝန်ယူပြီး နိုင်ငံ့တာဝန်ထမ်းဆောင်ကြရတော့မယ်။ မွန်မြတ်တဲ့ရည်ရွယ်ချက်တွေနဲ့ အမိနိုင်ငံတော် တစ်ဝန်းကို ပညာရေး ဝန်ထမ်းကောင်းများ၊ ဖွံ့ဖြိုးရေးခေါင်းဆောင်ငယ်များအဖြစ် ရောက်ရှိလာတော့မယ့် ဖွံ့ဖြိုးရေး တက္ကသိုလ်ဆင်း သမီးတို့ သွေးချင်းမောင်နှမတွေကို တိုင်းရင်းသား စည်းလုံးညီညွတ်ရေး အခိုင်အမာ တည်ဆောက်မယ့် လက်ရွေးစင် ဗိသုကာလေးများအဖြစ် အမိနိုင်ငံတော်က အားထားမျှော်လင့်လျက်ရှိနေပါတယ်** သမီး။

သမီးလေးမိုင်စန္ဒာမင်း–

ဒီကနေ့ကာလမှာ အမိနိုင်ငံတော်ရဲ့ အခြေအနေအရပ်ရပ်ဟာ တည်ငြိမ်အေးချမ်းနေပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးဆီသို့ ရှေးရှုလျှောက်လှမ်းနေပါပြီ။ တိုးတက်အောင်မြင်နေတဲ့ ဒီကနေ့ နိုင်ငံတော်ရဲ့ အခြေအနေကောင်းတွေကို မနာလိုမရှုဆိတ်တဲ့ ပြည်တွင်းပြည်ပ အဖျက်သမားတွေ၊ မြေပေါ်မြေအောက် အဖျက်အမှောင့်သမားတွေဟာ နိုင်ငံတော်အတွင်း မတည်ငြိမ်တဲ့ အခြေအနေတွေ ပေါ်ပေါက်အောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲအောင် နည်းမျိုးစုံနဲ့ ကြံစည်လုပ်ဆောင်နေကြပါတယ်။ ဒီအဖျက်အမှောင့်သမားတွေကို ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်းဖြစ်တဲ့ သမီးတို့ သွေးချင်းမောင်နှမတွေက ပြည်ထောင်စုစိတ်ဓာတ် ရင်မှာပိုက်ပြီး နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် ဖော်ထုတ်ဖယ်ရှားသွားကြရမှာ ဖြစ်ပါတယ်။

သမီးလေးရေ– ဘိုးဘွားအမွေစစ်စစ်ဖြစ်တဲ့ အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးအတွက် ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်း သွေးချင်းမောင်နှမများက လက်ရွေးစင် ဗိသုကာလေးများပီပီ ရှပ်ရှပ်ချွံချွံ စွမ်းစွမ်းတမံ ထမ်းဆောင်သွားနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) လေးနှစ်သင်တန်း အမှတ်စဉ် (၃၈)မှ သင်တန်းသူ၊ သင်တန်းသားများကို ဂုဏ်ပြုလိုက်ပါတယ်။ ။

ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်းတွေဟာ ပညာရေးဝန်ထမ်းကောင်းတွေ၊ ဒေသဖွံ့ဖြိုးရေး ခေါင်းဆောင်ငယ်တွေ ဖြစ်ကြရုံသာမက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး အတွက်လည်း အမာခံများဖြစ်။

အသင်းကြီးခိုင်မာတိုးတက်သည်ထက် တိုးတက်အောင်၊ အသင်းကြီးရဲ့ ရည်ရွယ်ချက်တွေ အကောင်အထည်ပေါ်လာအောင် သမီးတို့ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်းတွေက ကျရာတာဝန်ယူပြီး ဦးလည်မသုန် ဆောင်ရွက်သွား။

ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ခန္တီးမြို့၌ ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုတို့သည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၂ရက် နံနက် ၁၁နာရီခွဲတွင် စစ်ကိုင်းတိုင်း ခန္တီးမြို့သို့ရောက်ရှိပြီး ခန္တီးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ခန္တီးမြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံမှာကြားသည်။

တက်ရောက်

အခမ်းအနားသို့ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး အုန်းသိန်း၊ ခန္တီးခရိုင်နှင့် ခန္တီးမြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ခန္တီးခရိုင်နှင့် ခန္တီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များနှင့် အသင်းဝင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်နေမှုများနှင့် အောင်မြင်တိုးတက်နေမှုများ၊ ပြည်သူတို့ ပါဝင်ဆောင်ရွက်ရမည့် အခန်းကဏ္ဍများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဗဟို အလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသများပါ မကျန် တပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ညှိနှိုင်းဖြည့်ဆည်း

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အားကစားပစ္စည်းများကိုလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက အဝတ်အထည်များကိုလည်းကောင်း ပေးအပ်လှူဒါန်းကြကာ တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ပေးအပ်လှူဒါန်း

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်များသည် ခန္တီးခရိုင်ပြည်သူ့ဆေးရုံကြီးကို သွားရောက် ကြည့်ရှုစစ်ဆေးကာ လူနာများကို အားပေးစကားပြောကြားပြီး လူနာတစ်ဦးချင်းသို့ ထောက်ပံ့ငွေများ ပေးအပ်သည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သူရအေးမြင့်က ခန္တီးခရိုင်ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်များသည် ခန္တီးမြို့တောင်တန်း သာသနာပြု ဗဟိုကျောင်း၌ ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတိလောကနှင့် ပင့်သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ် သူရအေးမြင့်က ဗဟိုကျောင်းရှိ ပရဟိတကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံး ဗလာစာအုပ်များနှင့် အားကစားပစ္စည်းများကို လည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သူရအောင်ကိုက အလှူငွေနှင့် အဝတ်အထည်များကိုလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့်ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဗိုလ်မှူးချုပ် သူရအောင်ကို တို့သည် ခန္တီးမြို့ရှိ မြသိန်းတန်စေတီသို့ သွားရောက်ဖူးမြော် ကြည်ညိုကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ခန္တီးမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန လူငယ်သင်တန်းကျောင်းသို့ သွားရောက်ကာ ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သူရအေးမြင့်က ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများကိုပေးအပ်ကြသည်။

တွေ့ဆုံမှာကြား

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုတို့သည် ဇန်နဝါရီ ၁၃ ရက် နံနက် ၉ နာရီတွင် ခန္တီးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ခန္တီးမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေး ကော်မတီဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားသည်။

ထောက်ပံ့ပေးအပ်

အခမ်းအနားတွင် ဗဟိုစည်းရုံးရေးကော်မတီဝင် ဗိုလ်မှူးချုပ်သူရအေးမြင့်က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့၏ ရည်ရွယ်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေး၊ အဖွဲ့ဝင်များ၏ သက်သာချောင်ချိရေးကိစ္စများကို ဆောင်ရွက်ပေးရေး မှာကြားကာ ခန္တီးမြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီသို့ ငွေကျပ်တစ်သိန်းနှင့် စစ်မှုထမ်းဟောင်း လုံချည်အထည် ၂၀ကို ထောက်ပံ့ပေးအပ်ကာ အခမ်းအနားသို့ တက်ရောက်လာသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုတို့သည် ခန္တီးမြို့မှ ခန္တီးခရိုင် လဟယ်မြို့သို့ ဆက်လက်ထွက်ခွာရာ လမ်းခရီးရှိ ပင်လုံ(ဟတ္တိကျေးရွာ) ဘုန်းတော်ကြီးကျောင်း၌ ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စအား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်များသည် လဟယ်မြို့သို့ ညနေပိုင်းတွင် ရောက်ရှိကြပြီး နာဂတိုင်းရင်းသား အကြီးအကဲများ၊နာဂတိုင်းရင်းသားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၁၃ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးညွန့်ဝေနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပန်ဆန်းရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း သင်တန်းဆင်း

ရန်ကုန် ဇန်နဝါရီ ၂၄

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းသည် ဇန်နဝါရီ၁၉ရက်က ကျင်းပသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ပန်ဆန်းမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်း၏ အခြေခံအဆောက်အအုံသင်တန်း၊ လျှပ်စစ်နှင့်ဂဟေသင်တန်း၊ စက်ပြင်သင်တန်းအမှတ်စဉ်(၁/၂၀၀၆)သင်တန်းများ ဆင်းပွဲကို တက်ရောက်၍ အမှာစကားပြောကြားသည်။

ကြည့်ရှုအားပေး

အဆိုပါ သင်တန်းများဆင်းပွဲသို့ “ဝ”အထူးဒေသ(၂)မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ နည်းပြများ၊ သင်တန်းသားများ တက်ရောက်ကြသည်။ သင်တန်းဆင်းပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်“ဝ”အထူးဒေသ(၂)မှ ဦးပေါ်လိုင်ခမ်းတို့က ထူးချွန်ဆုရရှိသူများအား ဆုများကို ချီးမြှင့်ကြပြီး သင်တန်းသားများ၏ လက်တွေ့ဆောင်ရွက်မှုကို ကြည့်ရှုအားပေးသည်။

ရည်ရွယ်ဖွင့်လှစ်

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းကို နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ၊ စက်မှုလက်မှုပညာရပ်များတတ်မြောက်၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်ခြင်းဖြင့် လူနေမှုဘဝ မြင့်မားလာစေရန်နှင့် နယ်စပ်ဒေသများတွင် စက်မှုလုပ်ငန်းများ ထူထောင်လာနိုင်ပြီး ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

အခအေးကဲနေ့ဆဲ

(၂၄–၁–၂၀၀၇)

နေပြည်တော်	–	၁၄	ဒီဂရီစင်တီဂရိတ်
ဟားခါး	–	–၄	ဒီဂရီစင်တီဂရိတ်
လားရှိုး	–	၀	ဒီဂရီစင်တီဂရိတ်
နမ့်ဆန်	–	၁	ဒီဂရီစင်တီဂရိတ်
မိုးကုတ်	–	၂	ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်	–	၅	ဒီဂရီစင်တီဂရိတ်
ကသာ	–	၆	ဒီဂရီစင်တီဂရိတ်
ခန္တီး	–	၇	ဒီဂရီစင်တီဂရိတ်
လွိုင်ကော်	–	၇	ဒီဂရီစင်တီဂရိတ်
မန္တလေး	–	၁၁	ဒီဂရီစင်တီဂရိတ်
ရန်ကုန်	–	၁၄	ဒီဂရီစင်တီဂရိတ်

(မြန်မာ့အလင်း)

■ ကျောဖုံးမှ

အဆိုပါ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်

SSNA (ခွဲထွက်) မိုင်းယွန်းအဖွဲ့၏ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်

၁။ အမေရိကန်နှင့်ဗြိတိန်နိုင်ငံတို့သည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရန်အတွက် မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားလူနည်းစုများအား ဖိနှိပ်တိုက်ခိုက်ခြင်း၊ လူ့အခွင့်အရေးချိုးဖောက်ခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုကို တားဆီးနိုင်မှုမရှိခြင်း၊ ကူးစက်ရောဂါများပြန့်ပွားမှုအား ထိန်းချုပ်နိုင်မှု မရှိခြင်းစသည့် မဟုတ်မမှန် သတင်းများလုပ်ကြံကာ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက် ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခဲ့ကြောင်း သိရှိရပါသည်။

၂။ အဆိုပါ စွပ်စွဲချက်များနှင့် မူကြမ်းတင်သွင်းခဲ့ခြင်းအပေါ် မြန်မာနိုင်ငံအရေးသည် ဒေသအတွင်းနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်မှုမရှိနိုင်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့က ကန့်ကွက်ခဲ့ကြပြီး ကျန်သုံးနိုင်ငံက ကြားနေခဲ့ကြောင်း သိရှိရပါသည်။

၃။ မြန်မာနိုင်ငံအရေးကိစ္စသည် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ညှိနှိုင်းဖြေရှင်းသင့်သော ကိစ္စဟုယုံကြည်ကာ ပြည်ပနိုင်ငံများက ဝင်ရောက်စွက်ဖက်မှုကို လုံးဝ(လုံးဝ) လက်မခံနိုင်ကြောင်းနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆက်လက်ပါဝင်ဆောင်ရွက်ပြီး အမျိုးသားညီလာခံတွင် ဆွေးနွေးဖြေရှင်းခြင်းသည်သာ အမှန်ကန်ဆုံးဖြစ်ကြောင်း၊ ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့် အခိုင်အမာယုံကြည်ကြောင်း ကြေညာအပ်ပါသည်။

၄။ ၎င်းအပြင် မြန်မာနိုင်ငံ၏လက်ရှိအခြေအနေကို နားလည်ပေးပြီး ထောက်ခံအားပေးမှုများ ပြုလုပ်ပေးခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့အား မြန်မာနိုင်ငံ ပြည်သူလူထုကိုယ်စား ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ
SSNA (ခွဲထွက်) မိုင်းယွန်းအဖွဲ့

● ကျောဖုံးမှ

အဆိုပါ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ်

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၏ သဘောထားကြေညာချက်

ရက်စွဲ။ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန် အမေရိကန်နိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးအစီအစဉ်တွင် မြန်မာနိုင်ငံအရေးကိစ္စသည် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများ၏ လုံခြုံရေးကိုထိခိုက်နိုင်သဖြင့် ထည့်သွင်းဆွေးနွေးရန် တောင်းဆိုကြိုးပမ်းခဲ့ပါသည်။ အမေရိကန်နှင့် ဗြိတိန်အစိုးရတို့က လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချနိုင်ရေး တင်သွင်းသည့်မူကြမ်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က Double Veto သုံးပြီး ကန့်ကွက်ပယ်ချခြင်းအား အမှန်တရားကို မြတ်နိုးသည့် နိုင်ငံတကာပြည်သူများနှင့်အတူ မြန်မာပြည်သူတို့၏ အောင်ပွဲအဖြစ် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းက ထောက်ခံကြိုဆိုပါသည်။

အမေရိကန်နှင့် ဗြိတိန်အစိုးရတို့က မြန်မာနိုင်ငံပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန် ကုလသမဂ္ဂကို ခုတုံးလုပ်အသုံးချနေချိန်တွင် ပြည်တွင်းမှ ပါတီနိုင်ငံရေးသမားများ၊ အမျိုးသားသစ္စာဖောက်များ၊ ပြည်တွင်းပြည်ပအဖျက်သမားများကလည်း နိုင်ငံတော်ပျက်စီးရေး၊ ဖြတ်လမ်းမှ အာဏာရရှိရေးတို့အတွက် ဝမ်းသာအားရစွာ ထောက်ခံနေကြခြင်းအား ပြင်းထန်စွာကန့်ကွက်ရှုတ်ချပြီး နိုင်ငံတော်အစိုးရ၏ နိုင်ငံနှင့်ပြည်သူများ တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေး လုပ်ဆောင်နေခြင်းများကို အင်တိုက်အားတိုက် ထောက်ခံပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံ၏ အခြေအနေမှန်ကို သိရှိနားလည်စာနာပြီး Double Veto အာဏာဖြင့် ပယ်ချပေးခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အားလည်းကောင်း၊ ဆန့်ကျင်ကန့်ကွက်မဲပေးခဲ့သော တောင်အာဖရိကနိုင်ငံတို့အားလည်းကောင်း မြန်မာပြည်သူများနည်းတူ အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ဦးခင်ဇော်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း

ကမ္ဘာတစ်လွှား အားကစား

ကာပယ်လို ကိုင်တွယ်ပြီး ရီးရဲမက်ဒရစ်ဇာတ်လမ်း

ကိုးကားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် ဇန်နဝါရီ ၂၄

စပိန်လာလီဂါမှ ရီးရဲမက်ဒရစ်အသင်းသည် ကမ္ဘာကျော် ဘောလုံးသမား များစုဝေးရာ အသင်းကြီးအဖြစ် လူသိများကြသည်။

ရော်ဘတ်တိုကားလို့စ်၊ ကင်နာဗာရို၊ ဒေးဗစ်ဘက်ခမ်း၊ ရာအူးလ်၊ ဂွန်ဇာလက်ဇ်၊ ရော်နယ်ဒို၊ ရူဗင်နစ္စတယ်ရွိုင်းနှင့် ရေးယက်စ်အစရှိသော ဘောလုံးသမားများသည် ကမ္ဘာကျော်များ ဖြစ်ခဲ့ကြသည်။

ကမ္ဘာကျော်များဖြင့် အကောင်းဆုံးအသင်းအဖြစ်ဖွဲ့စည်းထားခဲ့သော်လည်း ရီးရဲမက်ဒရစ်အသင်းသည် လွန်ခဲ့သော သုံးနှစ်အတွင်း ဖလားတစ်လုံးမျှ ဆွတ်ခူးနိုင်ခဲ့ခြင်းမရှိခဲ့ပေ။

ထိုသို့ ဖလားမဆွတ်ခူးနိုင်ခြင်းကြောင့် ရီးရဲမက်ဒရစ်က နာမည်ကြီး နည်းပြတစ်ဦးကို ခေါ်ယူစာချုပ်ခဲ့သည်။ ယင်းနည်းပြမှာ အီတလီစီးရီးအေမှ ဖာဘီယိုကာပယ်လိုပင်ဖြစ်သည်။ ကာပယ်လိုသည် ၁၉၉၄ခုနှစ် က အေစီမီလန်အသင်းကို စီးရီးအေ ချန်ပီယံဖလား၊ အီတလီစူပါဖလား၊ ချန်ပီယံလိဂ်ဖလားနှင့် ဥရောပစူပါဖလားတို့ကို တစ်နှစ်တည်းတွင် ရယူပေးနိုင်ခဲ့သည့် နည်းပြအကျော်အမော်တစ်ဦးဖြစ်သည်။ ကာပယ်လို ရောက်ရှိပြီးနောက် ရီးရဲမက်ဒရစ်ဇာတ်လမ်းစတော့သည်။

ရီးရဲမက်ဒရစ် ဖလားပြန်လည်ပိုင်ဆိုင်ရေးကြိုးပမ်းမှုနှင့် ကစားသမားများအကြား ဗျာများနေသော နည်းပြ ကာပယ်လို။ (ဓာတ်ပုံ-အင်တာနက်)

ကြိုးစား

ကာပယ်လိုသည် ယမန်နှစ်က အီတလီစီးရီးအေအသင်းအချို့ လုပ်ပွဲကစားခဲ့၍ စစ်ဆေးအရေးယူခြင်း မတိုင်မီ စပိန်လာလီဂါ ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့လာသည်။ ၎င်းသည် ဖလားနှင့် သုံးရာသီလုံးလုံး ဝေးကွာခဲ့သည့် ရီးရဲမက်ဒရစ်အသင်းကို စတင်ကိုင်တွယ်သည့်နှစ်မှာပင် ဖလားရယူပြရန် ကြိုးစားလျက်ရှိသည်။

အီတလီစီးရီးအေသို့ ရောက်ရှိရန် သတင်းထွက်နေသော ရီးရဲမက်ဒရစ်တိုက်စစ်မှူး ရော်နယ်ဒို။
(ဓာတ်ပုံ-အင်တာနက်)

နည်းပြသစ် ကာပယ်လိုသည် ထိုသို့ ဖလားရရှိရေးမျှော်မှန်းချက်ဖြင့် ကစားသမားအချို့ကို ခေါ်ယူဖြည့်တင်းခဲ့သည်။ ၎င်းလက်ထက်တွင် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရ အီတလီအသင်း ခေါင်းဆောင် ကင်နာဗာရိုနှင့် အီမာဆင်တို့ကို ဂျူဗင်းတပ်စ်အသင်းမှခေါ်ယူအားဖြည့်သည်။ ထို့အတူ ရှေ့တန်းတိုက်စစ်တွင်လည်း မန်ယူမှ နစ္စတယ်ရွိုင်း၊ အာဆင်နယ်မှ ရေးယက်စ်တို့ကိုလည်း ခေါ်ယူခဲ့ပြန်သည်။

ပြောင်းရွှေ့

နည်းပြ ကာပယ်လိုသည် ၎င်း၏ ဖလားရရှိရေးမျှော်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် အချို့သော ကစားသမားများမှာ ပွဲအပြည့် ကစားခွင့်ရသော်လည်း အချို့မှာ ပွဲအပြည့် ပါဝင်ကစားခွင့် မရခဲ့ပေ။

ထိုသို့ ပွဲအပြည့် မကစားရသည့် ကစားသမားများတွင် ကွင်းလယ် ဖန်တီးရှင် ဒေးဗစ်ဘက်ခမ်းလည်း တစ်ဦးအပါအဝင်ဖြစ်သည်။ အသင်းတွင် ပုံမှန်ကစားခွင့်မရခဲ့သည့် ဘက်ခမ်းသည် မကြာမီက အမေရိကန်ကလပ် ဂလက်ဆီအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီလိုက်ပြီ ဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်းအနေဖြင့် ဘက်ခမ်းက အဆိုပါ ကလပ်သို့ ပြောင်းရွှေ့ရန် ထုတ်ဖော်ကြေညာခြင်း မပြုမီ ရက်အနည်းငယ်အလိုတွင် အနာဂတ်စာချုပ်အတွက် အမြန်ဆုံး ဆုံးဖြတ်ချက်ချရန် တိုက်တွန်းခဲ့သည်။ ထို့အပြင် ရီးရဲမက်ဒရစ်အသင်းက ဘက်ခမ်းအား ဇူလိုင်လလက်ရှိ စာချုပ်မကုန်မီ နောက်ထပ် နှစ်နှစ်ထပ်မံ စာချုပ်ရန် ကမ်းလှမ်းခဲ့သေးသည်။ သို့သော်လည်း ရီးရဲမက်ဒရစ် နောက်ကျခဲ့ပြီ ဖြစ်သည်။

ဘက်ခမ်းသည် ဂလက်ဆီအသင်းမှ တစ်နှစ်လျှင် စုစုပေါင်း ဒေါ်လာ ၅၅သန်းရရှိမည်ဖြစ်သည်။ ၎င်းသည် ငါးနှစ်စာချုပ်အတွက် စုစုပေါင်း ဒေါ်လာ ၂၇၅သန်းရရှိမည် ဖြစ်သည်။ ထိုသို့ ဒေးဗစ်ဘက်ခမ်း ရီးရဲမက်ဒရစ်အသင်းနှင့် ထပ်မံစာမချုပ်သည့်အပြင် အသင်းပြောင်းကာ ငွေအစုလိုက်အပြုံလိုက်ကြီး ရမည်ဖြစ်၍ မုဒိတာမပွားနိုင်ဘဲ နည်းပြကာပယ်လိုက အမျက်ဒေါသထွက်ကာ ဘက်ခမ်းအား ကစားခွင့်မပေးတော့ဟု ဆိုလိုက်သေးသည်။

ယင်းကဲ့သို့သော အချိန်တွင် ရီးရဲမက်ဒရစ်အသင်း၏ ဘရာဇီး တိုက်စစ်မှူး ရော်နယ်ဒိုကလည်း အသင်းမှ နုတ်ထွက်နိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ကို ဇန်နဝါရီ ၁၆ရက်က အင်တာနက်တွင် သတင်းဖတ်လိုက်ရသေးသည်။

အသက် (၃၀)အရွယ်ရှိ ရော်နယ်ဒိုသည် ရီးရဲမက်ဒရစ်အသင်းတွင် ဘက်ခမ်းပြီးလျှင် ဒုတိယနာမည်အကျော်ကြားဆုံး ဘောလုံးသမားဖြစ်သည်။ ၎င်းသည်၂၀၀၂ခုနှစ်က အင်တာမီလန်အသင်းမှ ရီးရဲမက်ဒရစ်က ပေါင်သန်း ၂၀ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု သုံးကြိမ်ရခဲ့သည့် ရော်နယ်ဒိုသည် ယခုနှစ်ရာသီတွင် တစ်ဂိုးသာ သွင်းယူပေးနိုင်ပေသည်။ ထို့ကြောင့်လည်း နည်းပြကာပယ်လိုအနေဖြင့် ရော်နယ်ဒိုအပေါ် အမြင်မကြည်လင်ဘဲ ဖြစ်နေသည်။ ယခုအခါ ရော်နယ်ဒိုအား အီတလီစီးရီးအေ အေစီမီလန်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ထုတ်ဖော်ပြောကြားလာသည်ကို ဇန်နဝါရီ ၁၇ရက်က အင်တာနက်တွင် သတင်းတွေ့လိုက်ရသေးသည်။

ရီးရဲမက်ဒရစ်လေ့ကျင့်ရေးကွင်းမှ ကာပယ်လိုနှင့် ဘက်ခမ်းတို့၏ ဆက်ဆံရေးအနေအထား။
(ဓာတ်ပုံ-အင်တာနက်)

ရော်နယ်ဒိုသည် ရီးရဲမက်ဒရစ်အသင်းတွင် ပွဲပေါင်း ၉၈ပွဲ ပါဝင်ကစားခဲ့ရာတွင် ၆၉ ဂိုးသွင်းယူပေးနိုင်ခဲ့သည့် တိုက်စစ်မှူးဖြစ်သည်။ သို့သော်လည်း နည်းပြသစ် ကာပယ်လို၏ လက်ထက်တွင် ဒဏ်ရာကြောင့် အနားယူခဲ့ရာ သုံးပွဲသာ ကစားခဲ့ရသေးသည်။

ဘက်ခမ်း အသင်းပြောင်းရွှေ့မှုနှင့် ပတ်သက်ပြီး ရီးရဲမက်ဒရစ်အသင်းဥက္ကဋ္ဌ ရေးမွန်းကယ်ဒါရွန်ကလည်း "ဘက်ခမ်းသည် အမေရိကန် ကလပ်သို့ ပြောင်းရွှေ့ရာတွင် ဟောလီးဝုဒ်၌ ရုပ်ရှင်မင်းသားသာ ဖြစ်မည်ဖြစ်ကြောင်း၊ အသင်းအနေဖြင့် ၎င်းအား ပြုပြင်ပေးစရာ မလိုကြောင်း ရီးရဲမက်ဒရစ်ကစားသမားအားလုံးသည် စူပါစတားများသာ ဖြစ်ကြောင်း" ပြောဆိုခဲ့သည်။

ယင်းကဲ့သို့ ပြောဆိုခဲ့မှုကြောင့် ကစားသမား အချို့က မကျေနပ်ဘဲ ဖြစ်နေကြသည်။ အသင်းဥက္ကဋ္ဌ ကယ်ဒါရွန်အနေဖြင့် ပြန်လည်တောင်းပန်သော်လည်း ရီးရဲမက်ဒရစ်၏ အနာဂတ်အတွက် မည်သို့ဖြစ်လာဦးမည်ကို ဘောလုံးဝါသနာရှင်များ စောင့်ကြည့်အကဲခတ်ရဦးမည်ဖြစ်သည်။

(ကိုးကား-အင်တာနက်သတင်းများ)

ချယ်လ်ဆီးတို့ ကားလင်းဖလားချိန်ပြီ

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဇန်နဝါရီ ၂၄

ကားလင်းဖလား အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်အဖြစ် ချယ်လ်ဆီးကွင်း၌ ချယ်လ်ဆီးနှင့် ဝိုင်ကွမ်ဘီအသင်းတို့ ဇန်နဝါရီ ၂၃ရက်က ယှဉ်ပြိုင်ကစားရာ ချယ်လ်ဆီးအသင်းက လေးဂိုး-ဂိုးမရှိဖြင့် ပြတ်ပြတ်သားသား အနိုင်ရရှိကာ ကားလင်းဖလားဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ဆောင်းရာသီ ဘောလုံးပွဲများ၌ သရေပွဲ၊ ရှုံးပွဲများနှင့် ကြုံတွေ့နေရသော ချယ်လ်ဆီးအသင်းသည် ဝိုင်ကွမ်ဘီအသင်းကို မိမိကွင်း၌ ဖိဖိစီးစီးကစားခဲ့သည်။ မော်ရင်ဟိုသည် တိုက်စစ်တွင် ရှက်ဗ်ချင်ကိုနှင့် ဒရော့ဘာတို့ကိုထားပြီး ကွင်းလယ်၌ ဘောလက်၊ လမ်းပတ်၊ အက်စီယန်နှင့် မက်ခီလီလီတို့ဖြင့် ရှေ့နောက်လိုက်ပါကစားစေခဲ့ရာ ကွင်းလယ်ကစားကွက်စီးမိပြီး ပွဲချိန် ၂၂မိနစ်၌ တိုက်စစ်မှူး ရှက်ဗ်ချင်ကိုက အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။



ချယ်လ်ဆီးနှင့်ဝိုင်ကွမ်ဘီတို့ပွဲတွင် ချယ်လ်ဆီးတိုက်စစ်မှူး ရှက်ဗ်ချင်ကို(လယ်) **ဤသို့ ထိုးဖောက်ကစားခဲ့သည်။** (ဓာတ်ပုံ-အင်တာနက်)

အရာမထင်

ဝိုင်ကွမ်ဘီ တိုက်စစ်မှူးများဖြစ်သည့် အီစတာနှင့် မိုနေးတို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ချယ်လ်ဆီးကွင်းလယ်မှ ဟန့်တားမှုနှင့် ချယ်လ်ဆီးခံစစ်မှူးများကို မကျော်လွှားနိုင်မှုကြောင့် အရာမထင်ဖြစ်ခဲ့ရသည်။

ဦးဆောင်

ချယ်လ်ဆီးတို့ တစ်ဖက်သတ်ဖိကစားပြီး အကြိမ်ကြိမ် ထိုးဖောက်ဂိုးသွင်းခွင့် ကြုံနေရာမှ ပွဲချိန် ၄၃ မိနစ်တွင် ရှက်ဗ်ချင်ကိုကပင် တစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် ပထမပိုင်းနှစ်ဂိုးပြတ်နှင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ချယ်လ်ဆီးတို့က ဝိုင်ကွမ်ဘီကို အပေါ်စီးမှ ကစားနိုင်ခဲ့ပြီး ဂိုးထပ်မံသွင်းယူနိုင်ရေး ကြိုးစားခဲ့ရာမှ ပွဲချိန်၆၉မိနစ်နှင့် မိနစ် ၉၀ တို့တွင် လမ်းပတ်က နှစ်ဂိုးဆက်တိုက် သွင်းယူခဲ့သဖြင့် ချယ်လ်ဆီးတို့ လေးဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးသည် ကားလင်းဖလား အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်၌ ဝိုင်ကွမ်ဘီနှင့် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သော်လည်း ယခုအိမ်ကွင်း၌ လေးဂိုးပြတ် အနိုင်ရရှိခဲ့သဖြင့် နှစ်ပွဲပေါင်း ရလဒ် ငါးဂိုး-တစ်ဂိုးဖြင့် ကားလင်းဖလားဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

(အင်တာနက်)

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင် ရှာရာပိုဗာအနိုင်ရပြီး အကြိုဗိုလ်လုပွဲ တက်ရောက်

မဲလ်ဘုန်း ဇန်နဝါရီ ၂၄

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲကို မဲလ်ဘုန်းမြို့၌ ဇန်နဝါရီ ၂၃ရက်က ဆက်လက်ကျင်းပရာ ကွာတားဖိုင်နယ်ပွဲစဉ်၌ နာမည်ကြီး ရှာရာပိုဗာက ချာဗက်တက်ဗီအားအနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ရှာရာပိုဗာသည် ချာဗက်တက်ဗီအား ၇-၆၊ ၇-၅ ဖြင့် နှစ်ပွဲပြတ် အနိုင်ရရှိခဲ့သော်လည်း နှစ်ပွဲစလုံးတွင် ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ နှစ်ပွဲစလုံးတွင် ရှာရာပိုဗာအနေဖြင့် ရိုက်ချက်အမှားများ ပြုလုပ်ခဲ့သည်။ သို့သော် နောက်ဆုံးတွင် ရှာရာပိုဗာက နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်၌ အနိုင်ရရှိခဲ့သော ရှာရာပိုဗာ ဤသို့ယှဉ်ပြိုင်ကစားခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

ပထမဆုံးအကြိမ်

ရှာရာပိုဗာသည် ယခုနှစ် ဩစတြေးလျ အိုးပင်းတင်းနစ် ပြိုင်ပွဲ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်မှုမှာ သုံးနှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။

ကြုံတွေ့ရဖွယ်

ရှာရာပိုဗာသည် အကြိုဗိုလ်လုပွဲ၌ ဘယ်လ်ဂျီယံ တင်းနစ်မယ် ကလစ္စတားနှင့် ရင်ဆိုင်ကြုံတွေ့ရဖွယ်ရှိသည်။ မိမိသည် အကြိုဗိုလ်လုပွဲကိုကျော်ဖြတ်ပြီး နောက်ဆုံးအဆင့် ဗိုလ်လုပွဲသို့ ရောက်ရှိနိုင်မည်ဟု ရှာရာပိုဗာက ပြောကြားသည်။

(အင်တာနက်)

ပရီမီယာလိဂ် လက်ကျန်ပွဲ ဆက်လက်ကစား ဝက်ဖို့ဒ်က ဘလက်ဘန်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရ

လန်ဒန် ဇန်နဝါရီ ၂၄

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၄)လက်ကျန် ပွဲစဉ်အဖြစ် ဝက်ဖို့ဒ်နှင့် ဘလက်ဘန်းတို့ ယှဉ်ပြိုင်ကစားရာ ဝက်ဖို့ဒ်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဝက်ဖို့ဒ်တို့က အိမ်ကွင်း၌ ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ဝက်ဖို့ဒ် တိုက်စစ်မှူးများဖြစ်သည့် တိုမီစမစ်၊ ဟိုစကင်နှင့် ဟန်ဒါဆင်တို့ အတွဲမိပြီး ထိုးဖောက်ကစားခဲ့ရာ ဘလက်ဘန်းတို့ မဟန့်တားနိုင်ဘဲ ပွဲချိန် ၁၂ မိနစ်၌ ဘလက်ဘန်း ကွင်းလယ်ကစားသမား အီမာတန်က ဘောလုံးဖျက်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ်ပြန်သွင်းသလို ဖြစ်ခဲ့သဖြင့် ဝက်ဖို့ဒ်တို့ လက်ဆောင်ဂိုးရရှိခဲ့သည်။

သို့သော် ဘလက်ဘန်း တိုက်စစ်မှူး မက်ကာသေးက ပွဲချိန် ၄၅ မိနစ်၌ ချေပဂိုးသွင်းယူခဲ့သဖြင့် ပထမပိုင်း တစ်ဂိုးစီသရေပွဲ ဖြစ်နေခဲ့သည်။ ဒုတိယပိုင်းတွင် ဘလက်ဘန်းတို့ အနိုင်ဂိုးရရှိရေး အကြိမ်ကြိမ် ထိုးဖောက်ကစားသော်လည်း ဝက်ဖို့ဒ် ခံစစ်မှူးများက စုစုစည်းစည်း ဖျက်ထုတ်ဟန့်တားနိုင်မှုကြောင့် အပိုင်ဂိုးသွင်းခွင့်မရရှိဘဲ ဖြစ်ခဲ့ရသည်။

အနိုင်ရရှိ

ဝက်ဖို့ဒ်သည် ဘလက်ဘန်းကို မာမာတင်းတင်း တုံ့ပြန်ကစားခဲ့မှုကြောင့် ပွဲချိန်မိနစ် ၇၀ တွင် ဝက်ဖို့ဒ် နောက်ခံလူ ဒီမီရစ်က အနိုင်ဂိုးသွင်းယူခဲ့သဖြင့် နှစ်ဂိုး-တစ်ဂိုးဖြင့် ဝက်ဖို့ဒ်တို့ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ် နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၄

လယ်တီဆရာတော်ကြီး၏ တပည့်အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်၏ အဌမအကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ဇန်နဝါရီ၂၇ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်၌ ကျင်းပမည်ဖြစ်ရာ အဖွဲ့ဝင်များနှင့် ကမ္မဋ္ဌာန စရိယများ အားလုံး မပျက်မကွက် တက်ရောက်ကြရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်းသိရသည်။

(၁၅၂)

အောင်သုခဗိမာန်ကျောင်းတိုက် မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၂၄

ပခုက္ကူမြို့ အမှတ်(၃)ရပ်ကွက် ပင်မ မိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာ ပဓာနနာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုန္ဒရ မဟာထေရ်သည် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အောင်သုခဗိမာန် ပရိယတ္တိစာသင်တိုက်၌ ဇန်နဝါရီ ၂၅ရက်မှ ၃၁ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားပြသမည်ဖြစ်ရာ ယောဂီများ အနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၀၁–၅၆၀၈၅၂သို့ ဖြစ်စေ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

မန္တလေးတိုင်း၊ အမရပူရမြို့နယ်နေ ဦးပိုင်–ဒေါ်အုံးတင်တို့၏မြေး
ဗိုလ်ကြီးမောင်မောင်–ဒေါ်ထွေးထွေးလတ်တို့၏တူ၊
ဦးမြသောင်း–ဒေါ်စန်းရွှေတို့၏သား

ဗိုလ်လှမျိုးအောင် (M.B.,B.S) DSMA

နှင့်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်နေ
ဦးရှိန်–ဒေါ်ခင်ရွှေတို့၏မြေး
ဒေါ်ခင်ကြည်(ရွှေပြည်တန်သက်န်းတိုက်)၊
ဒေါ်ဝင်းကြည်(ဝင်းကမ္ဘာနိဗ္ဗာန်ကုန်တိုက်)တို့၏တူမ
(ဦးစိန်လှိုင်)–ဒေါ်တင်ရီ(မန်းရွှေရည်စတိုး)တို့၏သမီး

မတင်စန္ဒာလှိုင် LL.B

တို့၏ ၂၀–၁–၂၀၀၇ရက် Sedona Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာပန်းကုံး ချီးမြှင့်ပေးသော တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ရာပြည့်နှင့်ဇနီး ဒေါ်သဥ္ဇာဝင်းစိန်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော သမ္မတနိဗ္ဗာန်ကုန်နှင့် သက်န်းတိုက်ပိုင်ရှင် သီဟသုဓမ္မ မဏိဇောတဓရ၊ သီရိသုဓမ္မ မဏိဇောတဓရ၊ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်နှင့်ဇနီး သီဟသုဓမ္မ သိင်္ဂီ၊ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ ၊ ကြွရောက်ချီးမြှင့်ပေးကြသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သတို့သားအရံ ဗိုလ်ရန်နိုင်ဝင်းနှင့် ဗိုလ်မျိုးထွန်းလင်း၊ သတို့သမီးအရံ မသီရိရတနာလှိုင်နှင့် မဝေနှင်းစိုး၊ မင်္ဂလာပန်းကြဲပေးသော မိန်မိန်း(ဝေဝေခတ်ပုံတိုက်)၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဗန်းကိုင်ဆောင်ပေးသော မလဲ့လဲ့ဝင်းနှင့် မမြင့်သန္တာတိုး၊ မင်္ဂလာဝတ်စုံ ကိုမြင့်စိုး၊ မိတ်ကပ်စိုးစိုးနှင့်အဖွဲ့၊ ပန်းအလှဆင်ပေးသော မစန်းစန်းဦး၊ တေးဂီတ Emperor နှင့်အဖွဲ့၊ အခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော မဟေမာနေဝင်း၊ ဓာတ်ပုံဗီဒီယို စိုင်းဘုန်းထူးနှင့်အဖွဲ့၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ Panda Hotel ၌ ကျင်းပသော မင်္ဂလာညစာစားပွဲတွင် မင်္ဂလာပန်းကုံးချီးမြှင့်ပေးသော ရွှေပင်ငွေပင်နိဗ္ဗာန်ကုန်နှင့် သက်န်းတိုက်ပိုင်ရှင် ဦးအောင်မိုးနှင့်ဇနီး ဒေါ်မာလာထွန်း၊ မင်္ဂလာပန်းကြဲပေးသော ညီမငယ် သီရိရတနာလှိုင်နှင့် မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးသော မိန်မိန်း(ဝေဝေခတ်ပုံတိုက်)၊ မင်္ဂလာညစာစားပွဲသို့ တက်ရောက်ကြသော နှစ်ဖက်မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၊ မန္တလေးမှ ကုန်သည်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ Panda Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဗိုလ်လှမျိုးအောင်–မတင်စန္ဒာလှိုင်။

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

ယုဇနစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါရာထူးများအတွက် ဝန်ထမ်းများအလိုရှိသည်။

၁။	လက်ထောက်မန်နေဂျာ(စိုက်ပျိုးရေး)	ကျား/မ	(၁၀)ဦး
၂။	လက်ထောက်စက်ရုံမှူး	ကျား	(၁)ဦး
၃။	အင်ဂျင်နီယာ(စက်မှု/လျှပ်စစ်) (B.E/ B. Tech / A.G.T.I)	ကျား	(၁၀)ဦး
၄။	စိုက်ပျိုးရေးတာဝန်ခံ(ကျွမ်းကျင်)	ကျား/မ	(၁၀)ဦး
၅။	စာရင်းစစ်/စာရင်းကိုင် (B.Com, CPA / B.Com)	ကျား/မ	(၁၀)ဦး
၆။	စာရင်းကိုင် (LCCI Level III)	ကျား/မ	(၁၀)ဦး
၇။	ထွန်စက်မောင်း(ကျွမ်းကျင်)	ကျား	(၁၀)ဦး
၈။	ယန္တရားကြီးမောင်း(ကျွမ်းကျင်)	ကျား	(၁၀)ဦး
၉။	ယာဉ်မောင်း (ကျွမ်းကျင်)	ကျား	(၁၀)ဦး
၁၀။	လုံခြုံရေးဝန်ထမ်း	ကျား	(၅)ဦး
၁၁။	စိုက်ပျိုးရေးလုပ်သား(နေ့စား)	ကျား	(၁၀၀)ဦး

အမှတ်စဉ် ၁၊ ၂၊ ၅ လျှောက်ထားသူများသည် အသက် ၅၀ ထက်မကြီးရ၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ငါးနှစ်ရှိသူဖြစ်ရမည်။ အင်္ဂလိပ်ဘာသာ ရေး၊ ဖတ်၊ ပြောနိုင်ရမည်။

အမှတ်စဉ် ၃၊ ၄၊ ၆ လျှောက်ထားသူများသည် အသက် ၄၀ ထက်မကြီးရ၊ လုပ်ငန်းကျွမ်းကျင်မှုရှိသူများဖြစ်ရမည်၊ ဘွဲ့/ဒီပလိုမာ တစ်ခုရရှိပြီးသူဖြစ်ရမည်။

အမှတ်စဉ် ၇၊ ၈၊ ၉ လျှောက်ထားသူများသည် လုပ်ငန်းကျွမ်းကျင်မှုရှိရမည်။ လုပ်ငန်းအလိုက် သင်တန်းဆင်းလက်မှတ်များ ရှိရမည်။ အနည်းဆုံး အခြေခံပညာအထက်တန်းအဆင့်ရှိရမည်။ အသက် ၅၅နှစ်ထက် မကြီးရ။

အမှတ်စဉ် ၁၀ လျှောက်ထားသူများသည် လုံခြုံရေးတာဝန် ထမ်းဆောင်ဖူးသူများ ဦးစားပေးပါမည်။

ရာထူးအားလုံးအတွက် ကျန်းမာသန်စွမ်းပြီး လုပ်ငန်းလုပ်ကိုင်ရန် စိတ်တက်ကြွစွာ ပါဝင်လုပ်ကိုင်လိုသူများဖြစ်ရမည်။ ဒေသမရွေးတာဝန် ထမ်းဆောင်နိုင်ရမည်။

အလုပ်လျှောက်ထားသူများသည် (၁)ဘွဲ့လက်မှတ်၊ အောင်လက်မှတ်မိတ္တူ/မူရင်း၊ (၂)အလုပ်သမားမှတ်ပုံတင်၊ (၃)အမျိုးသားမှတ်ပုံတင်၊ (၄)ဓာတ်ပုံတစ်ပုံ၊ (၅)အကျင့်စာရိတ္တကောင်းကြောင်း ထောက်ခံစာနှင့်အတူ အောက်ပါလိပ်စာအတိုင်း ၃၀–၁–၂၀၀၇ရက်နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

ယုဇနကုမ္ပဏီ၊ အမှတ် ၁၃၀၊ တတိယထပ်၊
ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၅၄၀၇၄၅၊ ၅၄၀၇၄၆၊ ၅၄၀၇၄၇။

ကျော့ဖုံးမှ

ပြည်တွင်းပြည်ပအဖျက်သမားများသည် ၎င်းတို့၏မသမာသောလုပ်ရပ် အရေးနိမ့် ရပ်တန့်သွားခြင်းကြောင့် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အကြောင်းပြချက်များ ထပ်မံဖန်တီးနိုင်ရေးအတွက် မြန်မာနိုင်ငံအတွင်း မတည်ငြိမ်မှုများ၊ ဆူပူအုံကြွမှုများဖြစ်ပွားအောင် အကြမ်းဖက်ဖောက်ခွဲမှုများ၊ အဖျက်အမှောင့်လုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရန် ပူးပေါင်းကြံစည် အားထုတ်လျက်ရှိကြောင်း သတင်းများရရှိသည်။

အကြမ်းဖက်အဖျက်သမားများသည် ယခု ဇန်နဝါရီလ ဒုတိယပတ်အတွင်း စာအိတ်ဗုံးများ ပေးပို့ဖောက်ခွဲခဲ့သည်။ ယင်းစာအိတ်ဗုံး ပေးပို့ဖောက်ခွဲမှုသည် ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်းနှင့် ဆက်လက်အကြမ်းဖက်ဖောက်ခွဲသွားမည်ဖြစ်ကြောင်း စွမ်းအားမြင့်မြန်မာကျောင်းသားစစ်သည်တော်များအဖွဲ့ (VBSW) က အင်တာနက်တင်၍ ကြေညာခဲ့သည်။

ထို့အပြင် အခြားစုံစမ်းထောက်လှမ်းရရှိသော သတင်းများအရ ABSDF ဥက္ကဋ္ဌဟောင်း ဒေါက်တာနိုင်အောင်နှင့် လက်ရှိဥက္ကဋ္ဌသံခဲတို့သည် အကြမ်းဖက်အဖျက်လုပ်ရပ်များ တိုးမြှင့်လုပ်ဆောင်ရန်အတွက် ဇန်နဝါရီ ၁ ရက်က ဗန်ကောက်တွင် VBSW ခေါင်းဆောင်စန်းနိုင်(ခေါ်) ရဲသီဟနှင့် တွေ့ဆုံဆွေးနွေးပြီး လှုပ်ရှားမှုကော်မတီ တစ်ရပ် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေး

ယင်းကော်မတီက မြန်မာနိုင်ငံအတွင်း အလုံးစုံပျက်သုဉ်းရေးမူဝါဒအား အကောင်အထည်ဖော်ရန်နှင့် အကြမ်းဖက် ဖောက်ခွဲရေးသမားများ မွေးမြူ၍ ပြည်တွင်းသို့ စေလွှတ်ဖောက်ခွဲဖျက်ဆီးရန်အတွက် ဇန်နဝါရီလ ၆ရက်နှင့် ၇ ရက်နေ့တွင် ဗန်ကောက်၌ ABSDF ဥက္ကဋ္ဌဟောင်း ထွန်းအောင်ကျော်၊ လက်ရှိဥက္ကဋ္ဌ သံခဲတို့သည် FTUB အဖွဲ့ဝင်များ၊ အကြမ်းဖက်အဖျက်အမှောင့်သမား အမာခံများနှင့်ထပ်မံတွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိခဲ့သည်။

ဒေါက်တာနိုင်အောင်၊ ထွန်းအောင်ကျော်နှင့် သံခဲတို့သည် ဇန်နဝါရီ ၁၅ရက်နေ့တွင် နယ်စပ်ရှိ ဝင်းပဒုက္ခသည်စခန်းသို့လည်းကောင်း၊ ဇန်နဝါရီ ၁၉ရက်တွင် တစ်ဖက်နိုင်ငံ ယိုင်ထိုင်ကျေးရွာသို့လည်းကောင်း သွားရောက်ပြီး အကြမ်းဖက်အဖျက်အမှောင့်သမားများအား သိမ်းသွင်းစည်းရုံးခဲ့ကြောင်း၊ ၎င်းတို့ သိမ်းသွင်းခဲ့သူများကို ဝင်းပ ဒုက္ခသည်စခန်းတွင် ဖောက်ခွဲရေးသင်တန်းပေးရန် စီစဉ်ထားကြောင်း၊ ဒေါက်တာနိုင်အောင်က မဲဆောက်–မြဝတီလမ်းကြောင်း၊ စန်းနိုင်(ခေါ်)ရဲသီဟက ဘုရားသုံးဆူလမ်းကြောင်း၊ သံခဲက ရနောင်း–ကော့သောင်း လမ်းကြောင်းများကိုတာဝန်ယူပြီး ဖောက်ခွဲဖျက်ဆီးရေးအဖွဲ့များ စေလွှတ်သွားမည်ဖြစ်ကြောင်း သတင်းများရရှိထားသည်။

အခြား သတင်းတစ်ရပ်အရ ပြည်ပဆန့်ကျင်ဘက်အဖွဲ့များကလည်း ယင်းသို့ မြန်မာနိုင်ငံအတွင်းဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ရန်အတွက် လိုအပ်သည့် ပံ့ပိုးမှုများကို ဇန်နဝါရီ ၁၆ရက်တွင် ABSDF ဥက္ကဋ္ဌ သံခဲနှင့် အတွင်းရေးမှူး ဆန်နီတို့ထံ လာရောက်ပေးအပ်သွားကြောင်း သတင်းရရှိခဲ့သည်။

ဇန်နဝါရီလ ၁၈ရက်တွင် ABSDFအတွင်းရေးမှူး ဆန်နီစေလွှတ်လိုက်သော မင်းသုဆိုသူသည် ABSDF မဲဆောက်ရုံးခွဲသို့ ရောက်ရှိလာပြီး ဖောက်ခွဲရေးသမား ကျွဲကြီး၊ NDD သိန်းဝင်းနှင့် အခြားလူနှစ်ဦးတို့အားတွေ့ဆုံ၍ အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲရသည့် ယမ်းအပြင်းမိုင်းနှစ်လုံး ပေးသွားခဲ့ကြောင်း ဆက်စပ်သတင်းရရှိခဲ့သည်။

တိုက်တွန်းနိုးဆော်

သို့ဖြစ်၍ အများပြည်သူများအနေဖြင့် မိမိတို့နေထိုင်ရာ၊အသက်မွေးဝမ်းကျောင်းပြုရာ၊ ကူးသန်းရောင်းဝယ်မှုပြုရာ အဝန်းအဝိုင်းအတွင်းသို့ အသွင်အမျိုးမျိုးဆောင်ကာ ထိုးဖောက်ဝင်ရောက်လှုပ်ရှားလာမည့် အကြမ်းဖက်အဖျက်အမှောင့်သမားများအား အထူးသတိပြု စောင့်ကြပ်ကြည့်ရှု ဖော်ထုတ်ပြီး တာဝန်ရှိသူများထံသို့ အချိန်မီသတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနိုးဆော်ထားသည်။ **(သတင်းစဉ်)**

ဒုတိယအကြိမ် ခရီးရှည်မြင်းစီးအားကစားပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇ ခုနှစ် ဒုတိယအကြိမ် မြင်းစီးအားကစားပြိုင်ပွဲ မိုင်(၅၀/၂၅)မိုင်ကို ဇန်နဝါရီ ၂၀ရက်နှင့် ၂၁ရက်တို့တွင် ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ တောင်ဇင်းအုပ်စု ငါ့လင်းပုတ်ကျေးရွာ၌ ကျင်းပသည်။

ပါဝင်ယှဉ်ပြိုင်

မိုင်(၅၀)ခရီးရှည်မြင်းစီးအားကစား ပြိုင်ပွဲကို ဇန်နဝါရီ ၂၀ရက်နံနက် ၄နာရီခွဲတွင် ငါ့လင်းပုတ်ကျေးရွာရှိ YKKO မြင်းစီးကလပ်ရှေ့မှ စတင်တာလွှတ်ရာ မြင်းစီးအားကစားသမား ၁၁ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲဝင်မြင်းစီးအားကစားသမားများသည် YKKO မြင်းစီးကလပ်ရှေ့မှ မန်ကျည်း စောက်လမ်းဆုံ၊ မန်ကျည်းစောက်လမ်းဆုံမှ ဗျတ္တပန်းဆက်လမ်းအတိုင်း ဆက်လက်ယှဉ်ပြိုင်ပြီး ဆင်လူးအိုင်ကျေးရွာမှ ပြန်ကွေ့ကာ YKKO မြင်းစီးကလပ်ရှေ့၌ ပန်းဝင်ကြသည်။

ပြိုင်ပွဲအပြီးတွင် ဆိပ်ဖြူမှ ဘဒင်(မြင်းအမည်–ဖြူးကျော်နိုင်)က ပထမ၊ ရန်ကုန်မှ အောင်သူထွန်း (မြင်းအမည်–အောင်မင်းကျော်)က ဒုတိယ၊ ရန်ကုန်မှသန်းဇော်မိုး (မြင်းအမည်–မေဖဲ)က တတိယ၊ မိတ္ထီလာမှ မယုယုလှိုင် (မြင်းအမည်–မိချော)က စတုတ္ထ၊ မိတ္ထီလာမှ မျိုးအောင် (မြင်းအမည်–ဒီလုံး)က ပဥ္စမ ရရှိကြသည်။

(၂၅)မိုင်ခရီးရှည်မြင်းစီးအားကစား ပြိုင်ပွဲကို ဇန်နဝါရီ ၂၁ရက် နံနက်၆နာရီခွဲတွင် ငါ့လင်းပုတ်ကျေးရွာရှိ YKKO မြင်းစီးကလပ်ရှေ့မှ စတင် တာလွှတ်ရာ အားကစားသမား ၁၃ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ပန်းဝင်

ပြိုင်ပွဲဝင် မြင်းစီးအားကစားသမားများသည် YKKO မြင်းစီးကလပ်ရှေ့မှ မန်ကျည်းစောက်လမ်းဆုံ၊ မန်ကျည်းစောက်လမ်းဆုံမှ ဗျတ္တပန်းဆက်လမ်း အတိုင်း ဆက်လက်ယှဉ်ပြိုင်ပြီး ခွေးပြုတ် ကျေးရွာအနီးမှ ပြန်ကွေ့ကာ YKKO မြင်းစီးကလပ်ရှေ့၌ ပြန်လည်ပန်းဝင်ကြသည်။

ပြိုင်ပွဲအပြီးတွင် ရန်ကုန်မှ စန်းယုဝင်း (မြင်းအမည်–မေဖဲ)က ပထမ၊ ရန်ကုန်မှ သန့်စင်(မြင်းအမည်–စိန်ပွင့်)က ဒုတိယ၊ ညောင်ဦးမှ ဝင်းမြင့်အောင် (မြင်းအမည်–ပုဂံသူ)က တတိယ၊ ရန်ကုန်မှ စိုးနိုင် (မြင်းအမည်–ဆာကူရာ)က စတုတ္ထ၊ ရန်ကုန်မှ အောင်ဇော်မြင့် (မြင်းအမည်–ရိုန်း)က ပဥ္စမရရှိကြသည်။

ကျင်းပ

မိုင်(၅၀/၂၅)မိုင်)ခရီးရှည် မြင်းစီး အားကစားပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ညနေ၆နာရီခွဲက ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုဂံဟိုတယ် မြက်ခင်းပြင်၌ကျင်းပသည်။

ဆုတံဆိပ်ချီးမြှင့်

အခမ်းအနားတွင် (၂၅)မိုင်ခရီးရှည် မြင်းစီးအားကစားပြိုင်ပွဲ၌ ပဥ္စမရရှိသော အောင်မြင့်အား ဆုတံဆိပ်နှင့် ငွေကျပ်သုံးသောင်း၊ စတုတ္ထရရှိသော စိုးနိုင်အား ဆုတံဆိပ်နှင့် ငွေကျပ်ငါးသောင်း၊ တတိယ ရရှိသော ဝင်းမြင့်အောင်အား ဆုတံဆိပ်နှင့် ငွေကျပ်ခုနစ်သောင်းခွဲကို ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်းကောင်း၊ ဒုတိယရရှိသော သန့်စင်အား ဆုတံဆိပ်နှင့် ငွေကျပ်တစ်သိန်းကို အမှုဆောင် ရဲမှူးကြီး ဝင်းကြည်ကလည်းကောင်း၊ ပထမရရှိသော စန်းယုဝင်းအား ဆုတံဆိပ်နှင့် ငွေကျပ်တစ်သိန်းခွဲကို ဒုတိယဥက္ကဋ္ဌ ဦးငြိမ်းကျော်ကလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက်မိုင်(၅၀)ခရီးရှည် မြင်းစီး အားကစားပြိုင်ပွဲ၌ ပဥ္စမရရှိသော မျိုးအောင်အား ဆုတံဆိပ်နှင့်ငွေကျပ်ငါးသောင်း၊ စတုတ္ထရရှိသော မယုယုလှိုင်အား ဆုတံဆိပ်နှင့်ငွေကျပ်တစ်သိန်း၊ တတိယရရှိသော သန်းဇော်မိုးအား ဆုတံဆိပ်နှင့်ငွေကျပ်နှစ်သိန်းကို ဌာနဆိုင်ရာတာဝန်ရှိသူများက လည်းကောင်း၊ ဒုတိယရရှိသော အောင်သူထွန်းအား ဆုတံဆိပ်နှင့် ငွေကျပ်သုံးသိန်းကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနော်တောင်ကလည်းကောင်း၊ ပထမရရှိသော ဘဒင်အား ဆုတံဆိပ်နှင့် ငွေကျပ်ငါးသိန်းကို အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်ကလည်းကောင်း ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးသတ်တပ်ဖွဲ့ဝင်များ မီးသတ်စွမ်းရည်ထက်မြက်ရေး ဆွေးနွေး

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၆

ဧရာဝတီတိုင်း မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်ဝင်းသည် ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက မော်လမြိုင်ကျွန်းမြို့ မီးသတ်ဦးစီးဌာနရုံးတွင် မြို့နယ် မီးသတ်စခန်းတာဝန်ခံ ဦးထွန်းသိန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မီးသတ်တပ်ဖွဲ့ဝင်များ မီးသတ်စွမ်းရည် ရှင်သန်ထက်မြက်ရေး ဆွေးနွေးမှာကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနရှိ မီးသတ်ယာဉ်စက်များ ကြံ့ခိုင်ရေး **(ဝဲပုံ)**၊ ဝန်ထမ်းအိမ်ထောင်သည်လိုင်းခန်းများနှင့် နိုင်ငံပိုင်ဖွဲ့နှဆီစက် အမှတ် (၁၆)တို့ကို ကြည့်ရှုစစ်ဆေးပြီး အကြံပြုဆွေးနွေး မှာကြားသည်။

ဆွေးနွေးမှာကြား

ယင်းနောက် တိုင်းမီးသတ်ဦးစီးမှူးနှင့် မော်လမြိုင်ကျွန်းမြို့နယ် နွေစပါးစိုက်ပျိုးရေးတာဝန်ခံ ဦးကြည်ဝင်းတို့သည် မွန်းလွဲ ၁ နာရီတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မြို့နယ်အတွင်း နွေစပါးအပြည့်အဝ စိုက်ပျိုးရေးများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းမီးသတ်ဦးစီးမှူးနှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီက မော်လမြိုင်ကျွန်းမြို့နယ် တံခွန်တိုင်ကြီးကျေးရွာ၊ ဒေါင်းရေကျော်၊ မြင်းကကုန်းကျေးရွာနှင့် ထိယာလိ ကျေးရွာများသို့သွားရောက်ပြီး နွေစပါးစိုက်တောင်သူများနှင့် တွေ့ဆုံ၍ နွေစပါးအပြည့်အဝစိုက်ပျိုးပြီးစီးရေး ဆွေးနွေးမှာကြားကာ စိုက်ပျိုးအောင်မြင်နေသော နွေစပါးစိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ **(၀၉၇)**

ခရိုင်ချင်းဆက် လမ်းဖောက်လုပ်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်နှင့် တာဝန်ရှိသူများ ဒီဇင်ဘာ ၁၅ရက်က တိုက်ကြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ခရိုင်ချင်းဆက်လမ်း အမှတ်(၁)ဖောက်လုပ်ခြင်းလုပ်ငန်းကို စစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ငါန်းဇွန်မြို့နယ် ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် အလုပ်ရုံဆွေးနွေး

ငါန်းဇွန် ဇန်နဝါရီ ၅

မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးရေးသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ရက် နံနက် ၈နာရီက မြို့သာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးသိန်းဟန် တက်ရောက်အမှာစကား ပြောကြားသည်။

ယင်းနောက် ငါန်းဇွန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်အုန်းမြင့်က ကျေးရွာစာကြည့်တိုက်များ အစဉ်ရှင်သန်ခိုင်မာရေးနည်းလမ်းများနှင့်လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး ကျေးရွာများသို့ စာအုပ်များလှူဒါန်းရာ ကျေးရွာများကိုယ်စား မြို့သာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးခင်မောင်ဦးက လက်ခံရယူသည်။

ယင်းအခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ခင်အုန်းမြင့်နှင့် ဝန်ထမ်းများ၊ မြို့သာရဲစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့သာ အထကကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ မြို့သာဇုန်ရှိ ကျေးရွာ ၃၀ မှ စာကြည့်တိုက်တာဝန်ခံများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော မုပ္ပလင်-ခွပ္ပနူး ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်လှက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

မြို့သာယာလှပရေး မင်းတပ်၌ဆောင်ရွက်

မင်းတပ် ဇန်နဝါရီ ၁၉

ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်မောင်ဦးသည် ဇန်နဝါရီ ၁၆ရက်က မင်းတပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ထားရှိသော မြို့ပြ၊ ကျေးလက် လမ်းတံတားများ၊ ရေပေးရေးလုပ်ငန်း၊ မြို့သာယာလှပရေးလုပ်ငန်း၊ ကိုးမိုင်လက်ဖက်စိုက်ခင်းနှင့် ကြက်ဆူပင် စိုက်ခင်းတို့ကိုလည်းကောင်း၊ အဖွဲ့ပိုင်ပျိုးဥယျာဉ်၌ နှစ်ရှည်ပင်များဖြစ်သော ပိန္နဲ၊ တည်င်း၊ ထောပတ်ပင်များ ပျိုးထားရှိမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဆွေကရှင်းလင်းတင်ပြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မိတ္ထီလာ မိခင်/ကလေး စောင့်ရှောက်ရေးအသင်း ဆယ်အိမ်စုမှူး သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

မိတ္ထီလာ ဇန်နဝါရီ ၅

မိတ္ထီလာမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် ဆယ်အိမ်စုမှူးသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၈နာရီခွဲက ရှမ်းတဲကျေးရွာအုပ်စု ရှမ်းတဲကျေးရွာတွင် ကျင်းပသည်။

သင်တန်းတွင် မိတ္ထီလာဆေးရုံအုပ် ဒေါက်တာကိုကိုကြီး၊ သားဖွားမီးယပ်ဆရာဝန် ဒေါက်တာယုယုနိုင်၊ ကလေးဆရာဝန် ဒေါက်တာ သန္တာ၊ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာနိုင်လင်း၊ မြန်မာနိုင်ငံဆရာဝန်များအသင်း(မိတ္ထီလာ) အတွင်းရေးမှူး ဒေါက်တာခင်စိုး၊ ဒေါက်တာတင်စိန်၊ မြို့နယ်တိုင်းရင်းဆေးဆရာမ ဒေါ်ခင်ညိုဝင်း၊ မြို့နယ်ကြက်ခြေနီအသင်းဒုတိယတပ်ရင်းမှူး ဦးနေဦးနှင့် မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း အမှုဆောင်များက ပို့ချကြသည်။

ထို့အတူ ဆယ်အိမ်စုမှူး သင်တန်းများကို မကျီးစုကျေးရွာအုပ်စု၊ လျှော်ဖြူကန် ကျေးရွာအုပ်စု၊ ဇောင်ချမ်းကုန်းကျေးရွာအုပ်စု၊ ပြည်သာယာ(မြောက်)ရပ်ကွက်နှင့် ပြည်သာယာ(တောင်)ရပ်ကွက်တို့တွင် စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့နယ်သတင်းများ

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင်နှင့် အင်ဂျင်နီယာမှူး ဦးခင်လှိုင်တို့ သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သည့် ဝဲရက်ကျေးရွာ လေးလက်မ စက်ရေတွင်းတူးဖော်မှု လုပ်ငန်းကို ဒီဇင်ဘာ၂၄ရက်က ကွင်းဆင်းစစ် ဆေးရာ မြို့နယ် အမှုဆောင် အရာရှိ ဦးတင်မောင်သန်းနှင့် ဒု-လက် ထောက် အင်ဂျင်နီယာ ဦးဇော်မြင့်ဦး တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

နယ်မြေဖွံ့ဖြိုးတိုးတက်ရေး သီပေါ၌ ညှိနှိုင်းစည်းဝေး

သီပေါ ဇန်နဝါရီ ၈

ရှမ်းပြည်နယ် (မြောက်ပိုင်း)သီပေါမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ သည် နယ်မြေဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ၁ရက် နံနက်၁၀နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ တရားဥပဒေစိုးမိုးရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များနှင့် ခြံစည်းရိုးကြက်ဆူပင်များကို မြေလွတ်မြေလပ်မကျန် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ တိုးချဲ့စိုက်ပျိုးရေးကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး လှစိန်က မူးယစ်ဆေးဝါးပပျောက်ရေး၊ ဒုစရိုက်နှိမ်နင်းရေးတွင် ပြည်သူလူထု ပါဝင်ပြီး ရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရေးများကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်က ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများကို ခြံစည်းရိုးကြက်ဆူပင် အရှိန်အဟုန်မြှင့် တိုးချဲ့စိုက်ပျိုးရေးအတွက် တာဝန်များပေးအပ်သည်။ **(၁၀၆)**

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အေးသာယာစံပြကျေးရွာ ကျေးလက် ရေပေးရေး စိမ့်စမ်းရေသွယ် ယူ ခြင်း လုပ် ငန်း ကို ဒီဇင်ဘာ ၂၈ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးနိုင်လင်းမောင် တို့ ကွင်းဆင်း စစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
တပို့တွဲလဆန်း ၉ ရက်
၂၆-၁-၂၀၀၇
(သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဗောဇ္ဈင်္ဂသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ရွှေအိုးစည်ခရီးသွားလုပ်ငန်း)
၁၁း၃၅ သုတကမ္ဘာ
၁၂း၀၀ ကျန်းမာရေးနှင့် ဆေးပညာ (ကလေးများအတွက် ဝိုင်းဝန်းလို့ ဝက်သက်ရောဂါ တိုက်ဖျက်စို့)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ဝက်ဝံတစ်ကောင်ဖြင့် လာသောဧည့်သည်)

ညနေပိုင်း

၁၆း၁၀ ရာသီခါမီဆေးပန်းချီ
(၁) နှောင်းသဇင် (မြသက်မှူ)
(၂) မေနှင်း (ကိုမင်းနောင်)
(၃) ဆောင်းတစ်ရာချစ်ပွဲဝင် (ချစ်စပယ်)
၁၇း၃၀ အဘိုးအဘွားအလေးထားကဏ္ဍ (အသက်တစ်ရာကျော်ရှည်သူတို့၏ လျှို့ဝှက်ချက်များ)
၁၇း၅၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (အနာသိလျှင်ဆေးရှိသည်)
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (မြို့ပြတို့ကို အဖတ်ဆယ်ခြင်း- ဒုတိယပိုင်း-မောင်ဆုရှင်)
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ခွင့်လွှတ်ရင်းနှင့် နှစ်သိမ့်ပါတယ် (မျိုးမြင့်လေး)
(၂) မေတ္တာငှီကာ(ကြည်ကြည်ခိုင်စိုး)
(၃) ချစ်ရက်ဆုံးနိုးမကြုံနိုးနှင့် (မောင်မောင်ညွှန့်)

ဦးလှကျော်-ဒေါ်တင်ညွန့်ကျော်၊ သမီး မမြသီတာကျော်၊ ဒေါက်တာ ခင်ဥမ္မာကျော်၊ သား ကိုသူရလှကျော်မိသားစု အမှတ် ၃၉၁/၃၉၂ ပုသိမ်ညွန့် ၉လမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်တိုင်းက ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတ မြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေစေတီရံတစ်ဆူအတွက် ငွေကျပ်တစ်သိန်း လှူဒါန်းသဖြင့် သာသနာပြုဆရာတော်က ဂုဏ်ပြုလွှာ ချီးမြှင့်တော်မူစဉ်။ (က-ပ)

လွတ်လပ်ရေးနေ့ ပျော်ပွဲ ရွှင်ပွဲ ကျင်းပ

ထားဝယ် ဇန်နဝါရီ ၇

(၅၉)နှစ်မြောက် လွတ်လပ်ရေး ပြခန်းနှင့် ပျော်ပွဲရွှင်ပွဲများ ဖွင့်ပွဲအခမ်း အနားကို ဇန်နဝါရီ ၃ရက်က ထားဝယ် မြို့ အားကစားကွင်းတွင် ကျင်းပရာ ခရိုင်ခေတ္တဥက္ကဋ္ဌ ဦးမျိုးညွန့်က ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးသည်။

လွတ်လပ်ရေးနေ့ အလံတင်အခမ်း အနားနှင့်သဝဏ်လွှာဖတ်ပွဲကို ဇန်နဝါရီ ၄ရက် နံနက်၄နာရီခွဲနှင့် နံနက် ၈နာရီ တို့တွင် ထားဝယ်မြို့တော်ခန်းမ၌ ကျင်းပရာ ခရိုင်ခေတ္တဥက္ကဋ္ဌ ဦးမျိုးညွန့် က လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၉မိုင် ဝိဇ္ဇာလမ်း အမှတ် (၁၈) နေ ဦးခင်မောင် ဦး-ဒေါ်သန်းသန်း စော၊သမီး ဒေါက်တာ မြတ်မြတ်ဦး၊ သား ကို ကျော် ထင် ဦး မိသားစုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါ လမ်း မင်းကွန်းဆရာ တော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ် ကျောင်း တော် ကြီး အတွက် အလှူငွေ

ကျပ် ၁၀သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တပ်ခွဲအဆင့် အကြိုအခြေခံ အရန်မီးသတ် သင်တန်းဆင်းပွဲ ရွှေဘိုမြို့နယ်၌ ကျင်းပ

ရွှေဘို ဇန်နဝါရီ ၁၆

ရွှေဘိုမြို့နယ် ကျောက်မြောင်းကျေးရွာအုပ်စု၌ တပ်ခွဲအဆင့်အကြို အခြေခံ အရန်မီးသတ်သင်တန်း(လက်နက်ဖြင့်) (၃/၂၀၀၆) သင်တန်းဆင်းပွဲ အခမ်း အနားကို ဇန်နဝါရီ ၉ရက် နံနက် ၁၀နာရီက ကျောက်မြောင်း အထက ကျောင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်း မီးသတ်ဦးစီးဌာနမှူး ဦးတင်မင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်၊ အဖွဲ့ဝင်(၁) ဒုတိယ ရဲမှူးမျိုးအောင်၊ ရပ်ကွက် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သင်တန်းမှူး အရန်မီးသတ်တပ်ဖွဲ့ခွဲမှူး ဦးခင်မောင် ဝင်း (သင်တန်း ကြီးကြပ်)နှင့် သင်တန်း နည်းပြများ၊ ရပ်မိရပ်ဖများနှင့် သင်တန်း သား ၁၂၅ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်း မီးသတ်ဦးစီးဌာနမှူး ဦးတင်မင်းက သင်တန်းဆင်း အမှာစကားပြောကြား ပြီး မြို့နယ်ဥက္ကဋ္ဌက မီးဘေး ကြိုတင် ကာကွယ်ရေးဆိုင်ရာများ မှာကြား သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီး ဌာနမှူး ဦးဝင်းမောင်က သင်တန်းဆင်း လက်မှတ်များကို ပေးအပ်ရာ သင်တန်း သားများ ကိုယ်စား အရန်မီးသတ် တပ်စုမှူး ဖိုးဝေဇော်က လက်ခံယူ ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မော်လမြိုင်မြို့ ဖက်တန်းနယ်မြေ ဒေါ်လန်းရပ်ကွက်ရှိ အဘယ သုတာရာမ စာသင်တိုက် ပရိယတ်အတွင်း ငွေကျပ်သိန်း ၉၀၀ကျော် အကုန်အကျခံ တည်ဆောက်ဆဲဖြစ်သော နှစ်ထပ်ကျောင်းဆောင်သစ်အတွက် အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၇ရက်က ယင်းကျောင်းတိုက်တွင်ကျင်းပရာ အလှူရှင် မော်လမြိုင်မြို့ ဈေးကြိုရပ်(၄၈) ရတနာထွန်းပွဲရုံနယ်မြေ အလှူရှင် ဦးတင်အောင်၊ ဒေါ်တွဲဟင် မိသားစုက ငွေကျပ်သိန်း ၂၀၀ ပေးအပ်လှူဒါန်းရာ ကျောင်းဆောင်သစ်ဖြစ်မြောက်ရေး ကော်မတီဝင် ဦးငြိမ်းမောင်က လက်ခံ ယူစဉ်။ (၁၆၈)

ကလေးခရိုင်တွင် ရပ်ကွက်နှင့် ကျေးရွာဥက္ကဋ္ဌများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းဆင်း

ကလေး ဇန်နဝါရီ ၅

ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ဖွင့်လှစ်ခဲ့သော ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၀၆) ဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီက အလက(၁)သင်တန်း ခန်းမတွင်ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ကြည်က သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် သင်တန်းထူးချွန် ပထမဆုရ ကလေးမြို့နယ် အောင်မင်္ဂလာ ရပ်ကွက် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဆုရ မင်းကင်းမြို့နယ် အင်ကုန်းကြီးကျေးရွာ ဥက္ကဋ္ဌ ဦးအောင်ငြိမ်း၊ တတိယဆုရ ကလေးဝမြို့နယ် အမှတ်(၁)ရပ်ကွက် ဥက္ကဋ္ဌ ဦးမြင့်အောင်တို့အား ခရိုင်ဥက္ကဋ္ဌကလည်းကောင်း၊ သင်တန်းဆင်းလက်မှတ် များကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းနိုင်ကလည်းကောင်း၊ သင်တန်းနည်းပြများအား ဂုဏ်ပြုလွှာကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဂိုလျန်မန်းက လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

မလှိုင်မြို့နယ် ပြန်/ ဆက် ဦးစီးဌာနကြီးမှူး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးဆွေးနွေး

မလှိုင် ဒီဇင်ဘာ ၃၁

မိတ္ထီလာခရိုင် မလှိုင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနက ကြီးမှူး၍ ကျေး ရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ဆွေး နွေးပွဲကို ဒီဇင်ဘာ ၁၆ ရက်က မလှိုင်မြို့နယ် မြင်းဦးလှည့်ကျေးရွာအုပ်စု ရွာသစ်ကြီး ကျေးရွာ ဓမ္မာရုံတွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင် မောင်အုန်းက အဖွင့်အမှာ စကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဆွေ ဆွေမြင့်က စာကြည့် တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး အတွက် ဆွေးနွေးပြော ကြားသည်။

ရှင်းလင်း

ထို့နောက် ကျေးရွာ စာကြည့်တိုက် ကော်မတီ ဝင် တစ်ဦးက လက်ရှိ ဆောင်ရွက်နေသည့် စာ ကြည့်တိုက်လုပ်ငန်းများ နှင့် ပတ်သက်၍ ရှင်း လင်း တင်ပြကြသည်။

ထို့နောက်ခရိုင် ပြန် ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိနှင့် အဖွဲ့ သည် ရွာသစ်ကြီး ကျေးရွာ လူငယ်များ စာကြည့်တိုက်ကို သွား ရောက် ကြည့်ရှုစစ်ဆေး ပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းပေးခဲ့ ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ချစ်ကြည်ရေးတံတား ပလက်ဖောင်းဆေးသုတ်

မြဝတီ ဇန်နဝါရီ ၈

မြဝတီမြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ မြို့သာယာလှပရေး အတွက် ချစ်ကြည်ရေး တံတားနှင့် ပတ်ဝန်းကျင် ပလက်ဖောင်းများ ဆေး သုတ်နေမှုကို ဇန်နဝါရီ၁ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးခင်မောင်သန်းနှင့် အငယ် တန်း အင်ဂျင်နီယာ(၂) ဦးလှမြင့်တို့ ကြီးကြပ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဘိုကလေးမြို့ နဝရတ်လမ်းမကြီးအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူကြီးကြပ်၍ ကတ္တရာခင်းရန် ဒီဇင်ဘာ ၃၁ရက်က မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမျိုးဝင်းနှင့် အသင်းဝင်များ မြေသားညှိခြင်း၊ မြက်များ ခုတ်ထွင်းရှင်းလင်းခြင်းတို့ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ညောင် လေး ပင် မြို့နယ် စည်ပင်သာ ယာရေးအဖွဲ့ မြို့သာ ယာလှပရေးအတွက် စည်ပင်သာယာရေး အဖွဲ့ ရုံးရှေ့တွင် မြေ ခင်းအလှ ဆောင်ရွက် နေမှု အခြေအနေကို ဇန်နဝါရီ ၆ရက်က အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့်တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့် လှိုင်တို့ ကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ညောင်ရွှေမြို့၌ ပန်းအလှပင်စိုက်ပျိုး

ညောင်ရွှေ ဇန်နဝါရီ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင် ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးမောင်တိုးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးခင်မောင်တိုး တို့ ဦးဆောင်ကြီးကြပ်မှုဖြင့် ဇန်နဝါရီ ၃ရက်က မြို့တွင်း သန့်ရှင်းသာယာ လှပ စိုပြည်ရေးအတွက် လမ်းဘေး ဝဲယာ တစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် အရိပ်ရပင်များကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်း များက စုပေါင်းစိုက်ပျိုးကြသည်။ (၀၂၇)

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရင်ဆိပ်ချောင်းစောက် လမ်းမြေသားလမ်း ဖောက်လုပ်ရန်အတွက် လမ်းအူကြောင်းရှာဖွေခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဇန်နဝါရီ ၃ ရက်က အမှုဆောင်အရာရှိ ဦးထင်အောင်မြင့်နှင့် အင်ဂျင်နီယာမှူး ဦးပြည့်ကြွယ်ငြိမ်းတို့ ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များသို့ အရင်းမပျောက်ရန်ပုံငွေများ မတည်ပံ့ပိုးပေးအပ်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များသို့ အရင်းမပျောက် မတည်ငွေ ကျပ်သိန်း ၅၀ စီကို ပေးအပ်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များသို့ အသေးစားမတည်ရင်းနှီးငွေ (ယာယီချေးငွေ) (Micro Credit Scheme) လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အရင်းမပျောက်ရန်ပုံငွေများ မတည်ပံ့ပိုး ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့များသို့ အရင်းမပျောက် မတည်ငွေ ကျပ်သိန်း ၅၀ စီကို ပေးအပ်ရာ ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကများနှင့် ဥက္ကဋ္ဌများက လက်ခံကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

ပြည်တွင်းပြည်ပအဖျက်သမားများက မြန်မာနိုင်ငံအတွင်း ဖောက်ခွဲဖျက်ဆီးမှုနှင့် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ရန် မလျှော့စတမ်းကြိုးပမ်းလုပ်ကြံလျက်ရှိ

ပြည်သူများအနေဖြင့် မိမိတို့၏လူမှုစီးပွားရေး အဝန်းအဝိုင်းအတွင်းသို့ ဝင်ရောက်ထိုးဖောက်လာမည့် အကြမ်းဖက်အဖျက်သမားများအား ဖော်ထုတ်သတင်းပို့ရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထား

နေပြည်တော် ဇန်နဝါရီ ၂၄

ကိုလိုနီနယ်ချဲ့လက်သစ် နိုင်ငံကြီးတစ်နိုင်ငံသည် ၎င်း၏မဟာဗျူဟာ အကျိုးစီးပွားအတွက် အပေါင်းပါများ၊ လက်ဝေခံလက်ပါးစေ အဖွဲ့အစည်းများကို သိမ်းသွင်းစည်းရုံးမြှောက်ပင့်ပြီး မြန်မာနိုင်ငံအား ၎င်း၏သြဇာခံ အခြေအရုံနိုင်ငံဖြစ်ရေးနှင့် မြန်မာနိုင်ငံ၌ ၎င်းတို့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရအာဏာရရှိရေးအတွက် နည်းမျိုးစုံဖြင့် ဖန်တီးလုပ်ဆောင်လျက်ရှိသည်။

ယင်းသို့လုပ်ဆောင်ရာတွင် ၂၀၀၆ ခုနှစ်၌ မြန်မာနိုင်ငံအရေးကိစ္စအား ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ဝင်ရောက်အရေးယူဆောင်ရွက်နိုင်ရေး ဖိအားပေး သိမ်းသွင်းလုပ်ဆောင်မှုနှင့်အတူ မြန်မာနိုင်ငံအတွင်း၌လည်း တည်ငြိမ်အေးချမ်းမှုများပျက်ပြားပြီး ဆူပူအုံကြွမှုများ၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးမှုများ ဖြစ်ပွားအောင် ဟန်ချက်ညီ ချိန်ကိုက်လုပ်ဆောင်ခဲ့သည်။

ယခု ဇန်နဝါရီလ ၁၂ ရက်နေ့တွင် အဆိုပါကိုလိုနီနယ်ချဲ့လက်သစ်နိုင်ငံကြီးနှင့် အပေါင်းပါများက မြန်မာနိုင်ငံအပေါ် ၎င်းတို့အလိုကျ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ဝင်ရောက်အရေးယူ ဆောင်ရွက်ပေးရေးအတွက် ဆုံးဖြတ်ချက် မူကြမ်းတင်သွင်းခဲ့သော်လည်း ဗီတို(Double Veto) သုံး၍ ပယ်ချခြင်းခံလိုက်ရသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ✡

SSNA (ခွဲထွက်) မိုင်းယွန်းအဖွဲ့ သဘောထားထုတ်ပြန်ကြေညာချက်

မြန်မာနိုင်ငံအရေးကိစ္စသည် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ညှိနှိုင်းဖြေရှင်းသင့်သောကိစ္စဟု ယုံကြည် ပြည်ပနိုင်ငံများက ဝင်ရောက်စွက်ဖက်မှုကို လုံးဝ(လုံးဝ) လက်မခံနိုင်

ရန်ကုန် ဇန်နဝါရီ ၂၄

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် SSNA(ခွဲထွက်) မိုင်းယွန်းအဖွဲ့က ဇန်နဝါရီ ၂၀ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ■

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း သဘောထားကြေညာချက်

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေး ဝင်ရောက်စွက်ဖက် ခြယ်လှယ်ရန် ကုလသမဂ္ဂကို အသုံးချမှု ထောက်ခံခဲ့ကြသည့် အမျိုးသားသစ္စာဖောက်များအား ရှုတ်ချ

ရန်ကုန် ဇန်နဝါရီ ၂၄

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းက ဇန်နဝါရီ ၂၃ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

စာမျက်နှာ ၁၁ ကော်လံ ၄ ●